မန္တလေးနေ့စဉ်

The Mandalay Daily

ဘဏ္ဍာငွေစနစ်၊ နိုင်ငံခြားသား ဒေါ်လာဈေးကွက် စောင့်ကြည့်တိုးတက်စေသည်။

အတွဲ(၂၉)၊ အမှတ်(၃၂၅)၊ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ၂၉-၁၀-၂၀၂၆၊ ကြာသပတေးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရုစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

ယနေ့ ဖတ်စရာ အညွှန်း

၂၀၂၆ ခုနှစ်အတွက် Ballon d'Or ဆုပေးပွဲတွင် အမျိုးသမီးကစားသမားဆုကို ပူတဲလက်စ် ဆွတ်ခူး

စာမျက်နှာ ၁၁

မနိုင်ဝန်အားကြောင့် ပြစ်ပွားသော လျှပ်စစ်မီးဘေးအန္တရာယ်မှ ကာကွယ်ခြင်း(ဆောင်းပါး)

စာမျက်နှာ ၁၄

ယူနိုက်တက်လေကြောင်းလိုင်း လေယာဉ်ပေါ်တွင် လေယာဉ်ပြန်ပေးဆွဲမည်ဟု ခြိမ်းခြောက်မှုဖြစ်ပွားခဲ့

စာမျက်နှာ ၁၈




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ စာမျက်နှာ ၃ သို့ ✳



ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားမည်

နေပြည်တော် အောက်တိုဘာ ၂၈

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြား ရနမ်မြို့တောင်ဘက်အနီးမှ ဖြတ်ကျော်ခဲ့သော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် အတွင်း၌ ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" သည် အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ နောက် ၂၄ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ် အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွား မည်ဟု ခန့်မှန်းရသည်။ မိုး/၈လ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၁၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၆ ခု ခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စာမျက်နှာ ၃ သို့ ✪

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၈

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၆ ခုနှစ် ၊ အောက်တိုဘာ ၂၉ ရက် ၊ ကြာသပတေးနေ့။

ခရီးသွားလုပ်ငန်းအရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံတကာ ခရီးသွားဧရိယာကွက် ပြန်လည်ဦးမော့လာစေရေး နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝကို ဘက်စုံအထောက်အကူပြုနိုင်ရေးအတွက် အဓိကရုန်ပုဂ္ဂလိကကဏ္ဍအကြား ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲများ ကျင်းပလျက်ရှိသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကဏ္ဍတစ်ရပ်ဖြစ်ရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေခြင်း၊ အသေးစား၊ အလယ်စားနှင့် အလတ်စား(MSMEs) လုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်းနှင့် နိုင်ငံ၏ ဂိုးရာအမွေအနှစ်များ၊ ယဉ်ကျေးမှုနှင့် သဘာဝအလှအပများကို နိုင်ငံတကာက သိရှိအောင် ဖြန့်ဝေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သောကြောင့် နိုင်ငံ၏အဓိကသားအကျိုးစီးပွားအတွက် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း သိရှိဖြစ်၍ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် ပြိုကွဲသွားသော ခရီးသွားလုပ်ငန်း အနာဂတ်ကို တည်ဆောက်နိုင်ရန်နှင့် နိုင်ငံ၏ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ တွင်လည်း ညီညီညွတ်ညွတ်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နေပြည်တော်ရှိ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၌ ကျင်းပသည့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲ၌ တိုက်တွန်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးဖြူးကော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားမြှင့်တင်ရေးစီမံကိန်းများ ရေးဆွဲနိုင်ရေးနှင့် ထင်ရှားသော (၁၂)လရာသီပွဲတော်များ၊ ခရီးစဉ်ဒေသများအလိုက် ခရီးသွားထုတ်ကုန်သစ်များ ဖော်ထုတ်မြှင့်တင်နိုင်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရီးသွားအကြံပြုချက်များ (Travel Advisories) ထုတ်ပြန်နိုင်ရေးနှင့်ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များအနေဖြင့် နိုင်ငံပိုင်မီဒီယာ၊ ရုပ်သံလိုင်းများနှင့် ပူးပေါင်းကြော်ငြာမှုမြှင့်တင်နိုင်ရေး၊ Digital Tourism လုပ်ငန်းစဉ်များဖြစ်သည့် Online Booking ဝန်ဆောင်မှုများ၊ e-Ticketing များနှင့် AI နည်းပညာ အသုံးပြုမှုများ ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လက်ရှိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် အနာဂတ် အလားအလာများ၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ခရီးစဉ်ဒေသအလိုက် ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသနိုင်သည့် နေရာဒေသများ၊ ထင်ရှားသည့် (၁၂) လရာသီပွဲတော်များ၊ တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲနှင့် ရိုးရာဓလေ့ပွဲများ၊ ခရီးသွားများစိတ်ဝင်စားမှုရှိသည့် ခရီးစဉ်များကို စနစ်တကျခွဲခြားဖော်ထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

ငြိမ်းချမ်းရေးအသံဂျာနယ် ထုတ်ဝေမည်၊ စာမူများပေးပို့နိုင်

မန္တလေး အောက်တိုဘာ ၂၈

သီလ၊ သမာဓိ၊ ပညာဖြင့် မြန်မာ့ငြိမ်းချမ်းရေးမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ ရည်ရွယ်ရေးရှုချ် ငြိမ်းချမ်းရေးအသံ(The VOICE OF PEACE)ဂျာနယ်ကို သုံးလတစ်ကြိမ်ထုတ်ဝေမည်ဖြစ်သည်။ နတ်တော်လပြည့်နေ့မှစတင်၍ ထုတ်ဝေမည်ဖြစ်ရာ ကလောင်ရှင်များအနေဖြင့် ဗုဒ္ဓ၊ ဓမ္မ၊ သုတ၊ ရသ၊ ယဉ်ကျေးမှု၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ အက်ဆေး၊ ကာတွန်း၊ ကဏ္ဍအလိုက် မြန်မာ၊ အင်္ဂလိပ်၊ ပါဠိစာမူများနှင့် ကြော်ငြာများ ပေးပို့နိုင်သည်။

စာမူများပေးပို့ရာတွင် A4 Size အနေဖြင့် ကဗျာတစ်မျက်နှာ၊ ဆောင်းပါးတစ်မျက်နှာမှ သုံးမျက်နှာ၊ ဝတ္ထုတို သုံးမျက်နှာအတွင်း၊ ပုံပြင်၊ အက်ဆေး တစ်မျက်နှာ၊ ကာတွန်း တစ်မျက်နှာတို့ကို ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်၊ ဖုန်းနံပါတ်တို့နှင့်အတူ မည်သည့်စာနယ်ဇင်းတွင်မှ မူပွားပေးပို့ထားခြင်း၊ ပုံနှိပ်ဖော်ပြခံရဖူးခြင်းမရှိကြောင်းနှင့် ကိုယ်တိုင်ရေးဖြစ်ကြောင်း ဝန်ခံချက်ပူးတွဲပါရှိရမည် ဖြစ်သည်။

ပေးပို့ရမည့်လိပ်စာမှာ အယ်ဒီတာအဖွဲ့၊ ငြိမ်းချမ်းရေးအသံ (The VOICE OF PEACE)ဂျာနယ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်၊ ရန်ကင်းတောင်ခြေ၊ ပုသိမ်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီးဟူ၍ စာတိုက်မှပေးပို့နိုင်သည်။ စာမူပိတ်ရက်မှာ ၇-၁၂-၂၀၂၆ ရက်၊ တနင်္လာနေ့ ညနေ ၄ နာရီဖြစ်ကြောင်း သိရသည်။

(၀၄၁)

စူပါအယ်လ်နီညို ကာကွယ်နိုင်ရန်အတွက် အသိပညာပေးဟောပြော

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စူပါအယ်လ်နီညို ကာကွယ်နိုင်ရန်အတွက် အသိပညာပေးဟောပြောပွဲ များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများအလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြို့မရပ်ကွက်နှင့် မြို့မတောင်ရပ်ကွက်တို့တွင် ကွင်းဆင်းဟောပြောခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်တို့က နံနက် ၁၀ နာရီတွင် မြို့မရပ်ကွက်ရှိ ဆုတောင်းပြည့်မဟာစေတီကြီးဘုရား ဓမ္မာရုံတွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် မြို့မတောင်ရပ်ကွက်ရှိ ကုန်းတော်ကြီးမင်္ဂလာစေတီတန်ဆောင်း တွင်လည်းကောင်း ရပ်ကွက်နေပြည်သူများနှင့်တွေ့ဆုံ၍ စူပါအယ်လ်နီညိုဖြစ်ပွားလာပါက တွေ့ကြုံလာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ အညာဒေသအနေဖြင့် သောက်သုံးရေပြတ်လပ်မှုနှင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု ရင်ဆိုင်နိုင်ရမည့် အခြေအနေများကို ကြုံတွေ့မလာမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဟောပြောပြီး သဘာဝဘေးဒဏ်များနှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာနိုင်သည့် အခြေအနေများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့် အခြေအနေများကို မြို့နယ်မီးသတ်ဦးစီးမှူးကလည်း ကောင်း ဟောပြောသည်။

အဆိုပါအသိပညာပေးဟောပြောပွဲများသို့ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ပြည်သူ ၈၀ ဦး၊ မြို့မတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ အိမ်ထောင်ဦးစီးများ ၇၂ ဦး၊ စုစုပေါင်း ၁၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (၄၅၆)

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydaily-newspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

စဉ့်ကူးမြို့၌ မြို့နယ်လုံးဆိုင်ရာ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

စဉ့်ကူး အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့ ရွှေမုဋ္ဌေဘုရား၌ ပထမအကြိမ် စဉ့်ကူးမြို့နယ်လုံးဆိုင်ရာ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ဇည့်ပရိသတ်များက မင်္ဂလာကျောင်းတိုက် ဆရာတော်ထံမှ ငါးပါး သီလခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ဖတ်ပူဇော်သော မင်္ဂလာသုတ်တရား တော်များကို နာယူကြည်ညိုခဲ့ကြသည်။ ထို့နောက် စဉ့်ကူးမြို့နယ် သံဃာ့ဃဏက အဖွဲ့ဥက္ကဋ္ဌ ရွာတော်လေးချမ်းမြေ့သာစည် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝရသာမိထံမှ ဩဝါဒတရားတော်များ နာယူခဲ့ကြပြီး လူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆု ရရှိသော အမှတ်(၁)ရပ်ကွက် ဟိတောသီအသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းက လည်းကောင်း၊ ဒုတိယဆုရရှိသော တောင်အင်းကျေးရွာအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းနိုင်ကလည်းကောင်း၊ တတိယဆု ရရှိသော ကျန်းစည်ကျေးရွာ ဓမ္မစာရီဝတ်အသင်းအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုမိုအောင်ကလည်းကောင်း၊ နှစ်သိမ့်ဆု(၁)ရရှိသော ဆည်ကြီးကျေးရွာ ရတနာဥဂုဏ်ရည်ဝတ်အသင်းအား ဗိုလ်မှူး မင်းထက်အောင်ကလည်းကောင်း၊ နှစ်သိမ့်ဆု(၂)ရရှိသော ညောင်ဝန်းကျေးရွာ ပုညကာရီဝတ်အသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းညွန့်ဦးကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စီရံတိဋ္ဌတု သုံးကြိမ်ရွတ်၍ ရပ်သိမ်းခဲ့သည်။



အဆိုပါ ဝတ်ရွတ်ပြိုင်ပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ပိုင်းမှစ၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ဝတ်ရွတ်အသင်း ၂၃ သင်းတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း၊ နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၀၆၇)

တင်စောလွင်(ပြန်/ဆက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/ဓနု.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန် အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှှန်ပေးအပ်စဉ်။

✳ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ဝီ၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Iskander K. AZIZOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အပြန်အလှှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုတို့ကို များစွာအထောက်အကူပြုစေနိုင်မည့် သတ္တုရှာဖွေတူးဖော်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ သတ္တုတူးဖော်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲဖြစ်သူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

✪ မြန်မာနိုင်ငံမှ

လုပ်ငန်းအသစ်နှစ်ခုကို လည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ရှစ်ခုကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍတို့မှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်ခြောက်ခုကို လည်းကောင်း ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈၂၉ သန်းနှင့် ငွေကျပ် ၅၆၄၃၉၁ ဒသမ ၃၉ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၁၃၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် SKD စနစ်ဖြင့် လျှပ်စစ်သုံး နှစ်ဘီး/သုံးဘီး မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ရွှေသတ္တုအကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း၊ ပြည်တွင်းအသားတိုးနွားများအား ခေတ်မီစနစ်ဖြင့် မွေးမြူခြင်း၊ ခေတ်မီမြန်မာအသားတိုးနွားမျိုးဖြူ၊ နို့စားနွားမွေးမြူခြင်း၊ နို့ဆီ၊ နို့စိမ်းနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်း၊ နို့ပေါင်းစက်လုပ်ငန်း၊ မွေးမြူရေးအစာထုတ်လုပ်ခြင်း၊ မြေဩဇာနှင့် ဓာတ်မြေဩဇာထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ၊ မှန်လုံအိမ်စိုက်ပျိုးခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန် သိုလှောင်ရောင်းချခြင်းလုပ်ငန်း၊ ရုံးခန်းအဆောက်အအုံတည်ဆောက်၍ ငှားရမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆပ်ပြာအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မျိုးစေ့အမျိုးမျိုး စိုက်ပျိုးသန့်စင်ရောင်းချခြင်းနှင့် မျိုးစေ့သုတေသန ပြုလုပ်ခြင်းလုပ်ငန်း၊ ပဲနို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဘက်ထရီအိုဟောင်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများကို သန့်စင်ကျိုချက်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတို့ ပါဝင်သည်။



၂၀၂၆ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၀၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနှံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၀ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၅ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လှုမှုရေး၊ စီးပွားရေးတို့နှင့် ချိတ်ဆက်နေပြီး လူတစ်ဦးချင်းစီ၏ ဘဝကိုသာမက မိသားစု တစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုလုံး၏ အနာဂတ်ကိုပါ ပြုပြင်ပြောင်းလဲစေနိုင်သည့် စွမ်းအားများရှိနေ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းခိုနိအေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရတစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြဲမပြတ် ရွက်ဆောင်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့် နိုင်ငံများအနက် ရွေးကောက်ပွဲတွင်အနိုင်ရရှိပြီး နိုင်ငံကိုဦးဆောင်လျက်ရှိနေသည့် အစိုးရအဖွဲ့များရှိသကဲ့သို့ အားပေးမှုကိုရရှိကြပြီး သမိုင်းကြောင်းတွင်လည်း မှတ်ကျောက်တင်ခံနိုင်ကြသည့် နာမည်ကောင်းများဖြင့် မှတ်တမ်းကျန်ရှိခဲ့ကြကြောင်း၊ ထို့အတူ ရွေးကောက်ပွဲများတွင် ဆွဲဆောင်စည်းရုံးမှုကောင်းစွာဖြင့် အနိုင်ရရှိခဲ့ကြပြီး အမှန်တကယ် နိုင်ငံ့တာဝန်များကို ဦးဆောင်ရသည့် အချိန်တွင် မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာခဲ့သည့်၊ အားရဖွယ်လုပ်ဆောင်ချက်များမရှိဘဲ ပြည်သူတို့၏ လူမှုစီးပွားဘဝများကို ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးနိုင်မှုများမရှိခဲ့သည့် အစိုးရအဖွဲ့များလည်းရှိကြကြောင်း။ နိုင်ငံ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါကလည်း ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး တက်လာခဲ့သည့် ပါတီစုံဒီမိုရွေးကောက်ပွဲအပေါ် အာရုံစိုက်မှုနှင့် အလေးအနက်ထားမှုများ လျော့ပါးလာခဲ့ကြပြီး No Vote လှုပ်ရှားမှုများအထိပင် ဖြစ်ပေါ်လာခဲ့ကြောင်း။ ထိုသို့ဖြစ်ပေါ်ခြင်းသည် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာမှုကို ထိခိုက်စေခြင်းပင်ဖြစ်ကြောင်း။ ထို့နောက် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိရေးအတွက် မသမာသောနည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့မှုများကြောင့် ကြီးမားသည့်မဲစာရင်းကွာဟမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ရွေးကောက်ပွဲသမိုင်းတွင် အမည်းစက်တစ်ခုအဖြစ် ထင်ကျန်စေခဲ့ကြောင်း။ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ် ဖြစ်ရပ်များကို သင်ခန်းစာယူ၍ တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ချက်ထား၍ အမြဲမပြတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။ **နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် နိုင်ငံ၏ရေခဲမြေခဲကောင်းများ၊ အရင်းအမြစ်များကို မှန်မှန်ကန်ကန်ပေါင်းစပ်အသုံးချ၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စီးပွားရေးလုပ်ငန်းများနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့် စီးပွားရေးလုပ်ငန်းများကို ရေးအစဉ်အဆက်ကတည်းက ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိရိုးဖလာနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခြင်းမှ ဇောက်ထွက်ကာ စဉ်ဆက်မပြတ် ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကို အသုံးပြု၍ သုတေသနပြု လေ့လာသုံးသပ်ပြင်ဆင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း **အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် စွမ်းအားပြည့် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လို**ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်အပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် လိုကြောင်း။ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက ထုတ်ကုန်ပစ္စည်းများရရှိလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ပသွင်းကုန်များကိုလျှော့ချနိုင်ကာ ပြည်ပပို့ကုန်များကို တိုးမြှင့်ရရှိလာမည်ဖြစ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်း(CMP) ဆောင်ရွက်ကြသည်များလည်း ရှိပြီး ယင်းလုပ်ငန်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများရှိမှသာလျှင် ဆောင်ရွက်၍ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။ CMP လုပ်ငန်းများ၌ လုပ်ကိုင်ဆောင်ရွက်နေကြသူများအများအပြားရှိကြသဖြင့် လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့မှုရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် လိုအပ်သည်များ စိစစ်ဖြည့်ဆည်းအားပေးဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ယခင်က ကြုံတွေ့ခဲ့ရသော စီးပွားရေးနှင့် ပတ်သက်သည့် အခက်အခဲနှင့် သင်ခန်းစာများကို ဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရှာဆောင်ရွက်သွားကြရန်လို**ကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေး၊ ပြည်ပပို့ကုန်များတိုးမြှင့်ရရှိရေးနှင့် မိမိတို့နိုင်ငံ၏ထုတ်ကုန်များ ဈေးကွက်ရရှိရေးတို့အတွက် အစိုးရ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား လုံးလက်တွဲညီညီဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ၊ စက်သုံးဆီနှင့်စားသုံးဆီများ နှစ်စဉ်အများအပြား တင်သွင်းနေရမှုများ၊ငွေကြေးတန်ဖိုးမတည်ငြိမ်မှုများကိုလည်း အဖြေရှာ၍ ဖြေရှင်းပေးကြရမည်ဖြစ်ကြောင်း။

ပညာတတ် လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်

ပညာတတ်လူသား အရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏ အနာဂတ်ကို စဉ်းစားဆောင်ရွက်ရာတွင် ရေရှည်အကျိုးစီးပွားအတွက် ကိုကြည့်၍ စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ပတ်သက်သည့် ပညာတတ်လူသား အရင်းအမြစ်များ များစွာပေါ်ထွက်လာစေရေးအတွက်လည်း **စာမျက်နှာ ၅ သို့**

- **နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် နိုင်ငံ၏ရေခဲမြေခဲကောင်းများ၊ အရင်းအမြစ်များကို မှန်မှန်ကန်ကန်ပေါင်းစပ်အသုံးချ၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်**
- **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိရိုးဖလာနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခြင်းမှ ဇောက်ထွက်ကာ စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကို အသုံးပြု၍ သုတေသနပြု လေ့လာသုံးသပ် ပြင်ဆင်ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်**
- **လုပ်ငန်းများဆောင်ရွက်ကြရာတွင်လည်း အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် စွမ်းအားပြည့် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လို၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ယခင်ကကြုံတွေ့ခဲ့ရသော စီးပွားရေးနှင့်ပတ်သက်သည့်အခက်အခဲနှင့် သင်ခန်းစာများကို ဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရှာဆောင်ရွက်သွားကြရန်လို**

◎ စာမျက်နှာ ၄ မှ

မိမိတို့အနေဖြင့် စီးပွားရေးပညာရပ်ကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသား ၉၂၁သမ၁ ရာခိုင်နှုန်းသည် အခြေခံအရေးအဖတ်အတွက် ရရှိပြီးသူများဖြစ်ပြီး တွက်ချက်နိုင်မှုနှင့်ပတ်သက်၍ ကောင်းမွန်ပြီးသားသူများ ဖြစ်သည်ကို တွေ့ရကြောင်း၊ စီးပွားရေးကောင်းမွန်စေရေးအတွက် တွက်ချက်ဆောင်ရွက်၍ ရသည်များရှိကြောင်း၊ **နိုင်ငံ့ပညာရေးအားကောင်းမှုမှတစ်ဆင့် အရည်အသွေးမြင့်လုပ်သားအင်အား လူစွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ထုတ်လုပ်မှုစွမ်းရည် မြင့်မားလာမည်ဖြစ်သည့်အတွက် ပို့ကုန်ကဏ္ဍနှင့် နိုင်ငံ၏ ဂျီဒီပီကိုလည်း တိုးတက်လာစေမည်ဖြစ်**ကြောင်း၊ ပညာရေးအဆင့်မြင့်မားခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို တိုက်ရိုက်အကျိုးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုအထိပါ သက်ရောက်မှုအား ကြီးမားသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အသက် ၂၅ နှစ်အထက် အလယ်တန်းပညာ ပြီးဆုံးသူ ရှစ်သန်းခန့် ရှိပြီး ၎င်းတို့အနက် အလုပ်လုပ်နိုင်သူများအတွက် အလုပ်အကိုင်ရရှိနိုင်ရေး၊ လူမှုနေရာမှန် အကျိုးရှိရှိအသုံးချနိုင်ရေးတို့အတွက် အစိုးရဝန်ကြီးဌာနများက အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားရန်လိုကြောင်း။

ထို့ပြင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် လိုပြီး နိုင်ငံတော်အတွက် လိုအပ်သည့် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေးစီမံဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုအားများလည်း ရရှိလာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် လူလတ်ပိုင်းအရွယ်များ၏ အားကို နိုင်ငံ့ကုန်ထုတ်လုပ်ငန်းများတွင် မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိ အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း။

စီးပွားရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထိုက်သင့်သည့်တိုးတက်မှုများ ရရှိရန် လိုအပ်နေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း၊ **မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် ဆောင်ရွက်နိုင်သော်လည်း မွေးမြူရေးလုပ်ငန်းများ တိုးတက်မှုအားနည်းနေဆဲဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်** လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေးအတွက် နိုင်ငံတော်မှလည်း လိုအပ်သည့် ရင်းနှီးမတည်ချေးငွေများကို ထုတ်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ရရှိမှသာလျှင် ပြည်တွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းဖူလုံမှုရရှိအောင် ဆောင်ရွက်ပြီးပါက ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ဈေးကွက်လိုအပ်ချက် ကြီးမားသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများ အများအပြားရှိပြီးဖြစ်ကြောင်း၊ ဈေးကွက်ရရှိရေးနှင့် ဈေးကွက်လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်တင်ပို့နိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ကုန်သွယ်မှုများတွင် အချို့သောနယ်စပ်ဒေသများ၌ တရားမဝင် ကုန်သွယ်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုများမရှိစေရေး မိမိတို့အနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများသည် ရာနှုန်းပြည့် အားကိုး၍ မရရောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ မရရှိသည့်အပြင် နိုင်ငံသားများအနေဖြင့်လည်း အရည်အသွေးပြည့်မီမှုမရှိသည့်၊ အာမခံချက်မရှိသည့် ပစ္စည်းများကို သုံးစွဲကြရနိုင်ကြောင်း၊ ထို့အပြင် တရားမဝင်လမ်းကြောင်းများရှိ လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများကို ငွေကြေးပေး၍ သွားလာသယ်ဆောင်နေကြသည်ဖြစ်သည့်အတွက် သူခိုးဓားရိုးကမ်းသကဲ့သို့ဖြစ်နေပြီး ရရှိလာသည့်ငွေကြေးများဖြင့် ၎င်းတို့၏အင်အားများကို တိုးချဲ့ တည်ဆောက်နေနိုင်ကြခြင်းသည် သွားရန် တာဝန်ရှိသည့် အဖွဲ့အစည်းများ အနေဖြင့်လည်း ပြည်သူများလုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့ကဏ္ဍအလိုက် ကျေပွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ဖြည့်စွက်မှာကြားလိုသည်မှာ **နိုင်ငံ့အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမည့် လူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားကြရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ယဉ်ကျေးမှုပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများ ဆောင်ရွက်ပေးသွားရန်လိုပြီး တတိုနိုင်ပါက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ ပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ယဉ်ကျေးမှုပြတိုက်၊ အမျိုးသားပြတိုက်၊ စစ်သမိုင်းပြတိုက်များသို့ လူငယ်လူရွယ်များ လာရောက်လည်ပတ်လေ့လာကြခြင်းဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုးတို့၏ သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးသား ရေးလက္ခဏာ (National Identity)၊ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် ဘာသာသာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့် ရိုးရာတန်ဖိုးများကို ပိုမိုနားလည်သဘောပေါက် သိရှိလာမည်ဖြစ်ပြီး ပညာရေးကို အထူးအလေးထား၍ **အနာဂတ်နိုင်ငံတော်ကို တည်ဆောက်**

ယင်နောက် နိုင်ငံတော်သမ္မတက နိုဂုံးချုပ်အမှာစကားပြောကြားရာ၌ လူသားအရင်းအမြစ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူဦးရေရာခိုင်နှုန်းနှင့် မူလတန်းပညာအဆင့် ၅သာ ရှိသူ၊ လုံးဝပညာမသင်ဖူးသူ ဦးရေရာခိုင်နှုန်းမှာ ကွာခြားချက်များ ကြီးမားလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့သော ကွာခြားချက်ကြီးမားမှုကို လျော့ချနိုင်ရေး မိမိတို့အနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေး ရည်မှန်းချက်အဖြစ် KG+9 အထိမသင်မနေရပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ်လူစွမ်းအား အရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ **ပညာရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် ချိတ်ဆက်နေပြီး လူတစ်ဦးချင်းစီ၏ဘဝကိုသာမက မိသားစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုလုံး၏ အနာဂတ်ကိုပါ ပြုပြင်ပြောင်းလဲစေနိုင်သည့် စွမ်းအားများရှိနေ**ကြောင်း။

ပညာရေး ကွာဟချက်များကြောင့် လူနေမှုအဆင့်အတန်းများသည်လည်း ကွာဟချက်များရှိလာပြီး မြို့ပြနှင့် ကျေးလက်များ၌ ကွာဟချက်များရှိနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ပြည်သူများ၏ အလုပ်အကိုင်ရရှိရေးနှင့်ပညာရေးတို့တွင် လူနည်းစု အလှမ်းမီခြင်းထက် လူများစုအလှမ်းမီစေရေး ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ လူများစု လက်လှမ်းမီစေရေးအတွက် တစ်ဦးချင်းဝင်ငွေတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့ဖြစ်၍ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို ပုံဖော်တည်ဆောက်နိုင်ရေး၊ လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်ရေး ပညာရေးကိုအလေးထား ပြုပြင်တည်ဆောက် ပေးသွားကြရမည် ဖြစ်ကြောင်း။

အားကစားကဏ္ဍမြှင့်တင်ရေး

ပညာရေးကဏ္ဍ မြှင့်တင်မှုနှင့်အတူ အားကစားကဏ္ဍမြှင့်တင်ရေးကိုလည်း မိမိတို့အနေဖြင့် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်၌ နိုင်ငံတကာနှင့် ဒေသတွင်း အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အောင်မြင်မှုများ နည်းပါးလျက်ရှိကြောင်း၊ နိုင်ငံ၏ အားကစားသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် အောင်မြင်မှုများစွာရရှိခဲ့ပြီး အရှိန်အဝါကြီးမားခဲ့သည့်၊ အားကစားအဆင့်အတန်းကို ပိုင်ဆိုင်ခဲ့ကြသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့အစိုးရအနေဖြင့် အားကစားနှင့်ပတ်သက်၍ အားကစားကွင်းများ၊ အထောက်အကူပြုပစ္စည်းများကို အဆင့်မြှင့်တင်ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြိုင်ပွဲများ၌ အောင်မြင်မှု ရရှိခဲ့ကြသူများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားသမားများအနေဖြင့်လည်း တစ်ဦးချင်းကြံ့ခိုင်မှုကောင်းမွန်စေရေး၊ ခံနိုင်ရည်အားကောင်းမွန်စေရေး၊ အားကစားနည်းများအလိုက် ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး အမြဲမပြတ်စနစ်တကျ လေ့ကျင့် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အားကစားနည်းအလိုက် နည်းစနစ်နည်းပြနှင့် ကြံ့ခိုင်ရေး နည်းပြများ မဖြစ်မနေထားရှိသွားရန်လည်း မိမိအနေဖြင့် ပြောကြားထားပြီးဖြစ်ကြောင်း။

နိုင်ငံ၏ အားကစားကဏ္ဍမြှင့်တင်ရေးကို လေ့ကျင့်ရေးဖြင့်ပြန်လည်တည်ဆောက်သွားကြရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အားကစားကွင်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများအဆင့်မြှင့်တင်ဆောင်ရွက်ရာတွင်လည်း ခေတ်နှင့်လျော်ညီသည့် အားကစားကွင်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အလိုက် အားကစားကွင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးလျက် ရှိသည့်နည်းတူ အားကစားကွင်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း တာဝန်ရှိသူများက ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ အားကစားယှဉ်ပြိုင်ပွဲများကို အားပေးသည့် ပြည်သူများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် အားပေးကြရန် လိုကြောင်း။

မကြာမီကာလအတွင်း ဆောင်းရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၊ ဝန်ကြီးဌာနများအလိုက်၊ စာသင်ကျောင်းများအလိုက်၊ ကျေးလက်ဒေသအလိုက်၊ ပကာသနမဖက်ဘဲ လူထုလှုပ်ရှားမှုဖြင့် စနစ်တကျကျင်းပပြုလုပ် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❖ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်တိရစ္ဆာန်အစာများကို စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် ဆောင်ရွက်နိုင်သော်လည်း မွေးမြူရေးလုပ်ငန်းများ တိုးတက်မှုအားနည်းနေဆဲဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို

❖ ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏အနာဂတ်ကို စဉ်းစားဆောင်ရွက်ရာတွင် ရေရှည်အကျိုးစီးပွားအတွက်ကိုကြည့်၍ စနစ်တကျဆောင်ရွက်သွားကြရမည်

❖ နိုင်ငံ့ပညာရေးအားကောင်းမှုမှတစ်ဆင့် အရည်အသွေးမြင့်လုပ်သားအင်အား လူစွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ထုတ်လုပ်မှုစွမ်းရည်မြင့်မားလာမည်ဖြစ်သည့်အတွက် ပို့ကုန်ကဏ္ဍနှင့် နိုင်ငံ၏ဂျီဒီပီကိုလည်း တိုးတက်လာစေမည်

❖ နိုင်ငံ့အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမည့် လူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားကြရန်လို

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လိုင်သာယာမြို့နယ်(အရှေ့ပိုင်း)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် လိုင်သာယာမြို့နယ်(အရှေ့ပိုင်း)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်လေ့လာသူများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများကျင်းပပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် ပေါ်ပေါက်လာမှုအခြေအနေများ၊ အဆိုပါမဏ္ဍိုင်များအနေဖြင့် တစ်ခုနှင့်တစ်ခု အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေသည့် အခြေအနေများ၊ လွှတ်တော်များ၏ အဓိကတာဝန်ကြီး (၃) ရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်း ကိစ္စရပ်များ၊ တတိယအကြိမ်လွှတ်တော်သက်တမ်း စတင်သည့်အချိန်မှ ယနေ့အချိန်အထိ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေအသစ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများအား ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ဒေသအခက်အခဲများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြဆောင်ရွက်နိုင်သည့်အခြေအနေများ၊ ဥပဒေပြုရေးမဏ္ဍိုင်သည် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်က ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ လက်တွေ့လေ့လာသိရှိခဲ့မှုများကို မိမိတို့ဒေသရှိ ပြည်သူများသိရှိစေရန် ပြန်လည်မျှဝေပေးနိုင်ရေး အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လိုင်သာယာမြို့နယ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးချမ်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညိုလာဇာရို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လူသားချင်းစာနာမှုခရီးစဉ် လာရောက်

နေပြည်တော် အောက်တိုဘာ ၂၈

၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ လူသားချင်းစာနာမှုခရီးစဉ် လာရောက်လျက်ရှိသည်။

အထူးကိုယ်စားလှယ်နှင့်အဖွဲ့ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် AHA Centre မှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ အာဆီယံသံရုံးများမှ သံတမန်များ ပါဝင်သော အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့ (ASEAN Monitoring Team- AMT)နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ စိန့်ဖော်စတီနာနိုဗီရိုတ် ဘုရားကျောင်းနှင့် တောင်ကြီးမြို့နယ် ညိုဗီးဘုရားကုန်းကျေးရွာတို့၌ AHA Centre မှ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ပေးအပ်သောလူသားချင်းစာနာမှု အကူအညီများဖြစ်သည့် ဆန်၊ မိသားစုသုံးပစ္စည်းနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို အကူအညီလိုအပ်နေသူများထံ ထောက်ပံ့ပေးအပ်နေမှုများကို လေ့လာကြည့်ရှုသည်။



ညနေပိုင်းတွင် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် တောင်ကြီးမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင် ရောက်ရှိခဲ့သည်။ နေပြည်တော်လေဆိပ်သို့ ရောက်ရှိချိန်တွင် အထူးကိုယ်စားလှယ်နှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်



နောင်ချိုမြို့နယ်စည်ပင်သာယာရေးဌာနမှ အယ်လ်နီညိုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်အတွင်းရှိ ပုဂ္ဂလိကအစီအစဉ်ဖြင့် ရေရယူသုံးစွဲလျက်ရှိသော သဘာဝရေထွက်များဖြစ်သည့် ဈေးရပ်ကွက်တွင်ရှိသော သဘာဝရေထွက် ၃ နှ၊ တောင်ရပ်ကွက်အတွင်းရှိ သဘာဝရေထွက် ၁ နှ၊ ပါဟတ်ရပ်ကွက်အတွင်းရှိ သဘာဝရေထွက် ၁ နှ၊ ဘူတာရပ်ကွက်အတွင်းရှိ သဘာဝရေထွက် ၂ နှ၊ သပြေရေရပ်ကွက်အတွင်းရှိ သဘာဝရေထွက် ၅ နှနှင့် ခံနားရှိုးရပ်ကွက်အတွင်းရှိ သဘာဝရေထွက် ၃ နှ စုစုပေါင်း သဘာဝရေထွက် ၁၅ နှတို့အား အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့မှ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

ကဆ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကချင်ပြည်နယ် ချီဖွေမြို့နယ် ပန်ဝါမြို့ ချုန်းမောအိမ်ရာ (၁၇)၊ အမှတ် (၃) ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** သည် ယင်းပါတီ၏အမည်ကို **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)၏ အလံပုံစံ



ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြို့ရောင်လမ်းဖောက်လုပ်ပေးနိုင်ရေး၊ မီးရထားပြေးဆွဲပေးနိုင်ရေး၊ သက်တမ်းလွန် မော်တော်ယာဉ်/ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်ပြုနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပေးမီးစက် ပုံပြေပေးနိုင်ရေး၊ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာသစ် တည်ဆောက်ပေးနိုင်ရေး၊ လက်ထောက်ဆရာဝန် (အထူးကု) တာဝန်ချထားပေးနိုင်ရေး၊ ကျောက်စီကွန်ကရစ်ရေသွယ်ခြောင်းနှင့် ကျောက်စီမြေထိန်းနံရံပြုလုပ်ပေးရန်တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လေရှီးမဲဆန္ဒနယ်မှ ဦးဇီးဆန်း၏ **လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထမဲသီ-လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လေရှီးမြို့နယ်အတွင်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၁ ဒသမ ၅ ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ တံတားချဉ်းကပ်လမ်းနေရာအား ကျောက်တောင်မိုင်းခွဲလမ်းခွဲ၍ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ ကျောက်စီကမ်းကပ်ခုံနှင့် သံကုန်ကွန်ကရစ်ကြမ်းခင်းတံတားတစ်စင်းတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါကြောင်း။

ထို့ပြင် ထမဲသီ-လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်း၏ လေရှီးနှင့် ဆွမ္မရာအကြား ရာသီမရွေးသွားလာနိုင်ရေး လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှ ၂၀၃၁-၂၀၃၂ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ် စီမံချက်ရေးဆွဲထားပြီး နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် လမ်းပျက်စီးမှုများပြားသောနေရာများတွင် လမ်းချောမွေ့စွာသွားလာနိုင်ရေး ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းအတက်အဆင်း မတ်စောက်သောနေရာများတွင် ကွန်ကရစ်လမ်းခင်းခြင်း၊ လိုအပ်သောနေရာများတွင် ကျောက်စီကမ်းကပ်ခုံနှင့် သံကုန်ကွန်ကရစ် ကြမ်းခင်းတံတားများ တည်ဆောက်ခြင်း၊ ကျောက်စီမရေမြောင်းနှင့်မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများအား ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် သံကောရွာမှ ထန်းပင်ကုန်းတံတားအထိ ပျက်စီးနေသောလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်**စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပိုင်းသည် မင်းလှမြို့နယ်နှင့် မိုးညိုမြို့နယ်တို့အား ဆက်သွယ်ထားသည့် ၁၇ မိုင် ၁ ဖာလုံအရှည်ရှိသော ရွာမ်းတော-မင်းလှ-အင်းဘုတ်ကုန်း-မိုးညိုလမ်း၏ အစိတ်အပိုင်းဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သံကောရွာမှ ထန်းပင်ကုန်းရွာအထိ လမ်းပိုင်း၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ၁ ဖာလုံ၊ အနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၂ ဖာလုံ လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ သံကောရွာအနောက်ထိပ်မှ ထန်းပင်ကုန်းတံတားအထိ လမ်းပိုင်းတွင် ပျက်စီးမှုဖြစ်ပေါ်နေသော နေရာများအား သွားလာမှုအဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းအဆင့်မြှင့်တင်ခြင်း



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပစဉ်။

လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နှစ်အလိုက်ရန်ပုံငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပိုင်းမော်ဖဲဆန္ဒနယ်မှ ဦးကျော်ကျော်အောင်၏ **ဗလမင်းထင် တံတားအဆင်းမှ ပိုင်းမော်မြို့နယ် နောင်တာလောရွာအထိ လမ်းအား နိုင်ငွေနှံကတ္တရာသို့မဟုတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပိုင်းမော်မြို့နယ်အတွင်းရှိနောင်တာလောကျေးရွာမှ ဗလမင်းထင်တံတားအဆင်းအထိ လမ်းအရှည် ၃ မိုင် ၄ ဖာလုံလမ်းပိုင်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ၃ ဖာလုံအား ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း၊ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ၃ ဖာလုံနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် ၂ မိုင် ၆ ဖာလုံ ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ရန် ရန်ပုံငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည်မြို့နှင့် ဆက်သွယ်သောလမ်းရွှေဒါး-သပြေဝန်းလမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျောက်ဆည်မြို့နယ်အတွင်းရှိ အရှေ့ငယ်တိုးကျေးရွာ၊ ရွှေဒါးကျေးရွာ၊ သပြေဝန်းကျေးရွာတို့မှ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သို့ ဆက်သွယ်သွားလာနိုင်သည့် အဆိုပါလမ်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် မူလကျောက်လမ်းအရှည် ၇ ဖာလုံအား ကတ္တရာခင်းခြင်း၊ ပျက်စီးနေသော ကျောက်လမ်းအရှည် ၄ ဖာလုံအား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို နှစ်အလိုက် ဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **ကျိုင်းတောင်း-ဆိုင်းခေါင်လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျိုင်းတောင်း-ဆိုင်းခေါင်လမ်းပိုင်း အရှည် ၂၅ မိုင်သည် တစ်ကြောင်းထိုး မြေသားလမ်းအဆင့်သာရှိပြီး နယ်မြေအခြေအနေအရ သွားလာရန်ခက်ခဲခြင်းတို့ကြောင့် ခရီးသွားလာမှုမရှိသလောက် နည်းပါးပါကြောင်း၊ အဆိုပါ မြေသားလမ်းပိုင်းအား သတ်မှတ်လမ်းအကျယ်ရရှိစေရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှစတင်၍ မြေသားတာပေါင်ချဲခြင်း၊ လိုအပ်သောနေရာများတွင် တံတား/ရေပြွန်များ တည်ဆောက်ခြင်း၊ မြေလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်ပေးနိုင်ရန် နှစ်အလိုက် ရန်ပုံငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်တယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်တယ မြို့ရောင်လမ်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပင်တယမြို့ရောင်လမ်းဖောက်လုပ်မည်ဆိုပါက လမ်းအုကြောင်းရှာဖွေခြင်း၊ ဒီဇိုင်းတိုင်းတာ ပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးတွက်ချက်ခြင်းနှင့် ခွင့်ပြုချက်တင်ပြတောင်းခံခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်လမ်းနယ်နိမိတ်အကျယ်ရရှိနိုင်မှု ရှိ၊ မရှိ၊ မြေယာပိုင်ဆိုင်မှုနှင့် မြေယာလျော်ကြေးကိစ္စများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့်အတူ ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြို့ရောင်လမ်းဖောက်လုပ်နိုင်ရေးအတွက် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ ဖောက်လုပ်မည့် ကုန်ကျစရိတ်များ စသည့် အချက်အလက်များကို တွက်ချက် စဉ်းစားသုံးသပ်ပြီး မှသာလျှင် ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် လတ်တလောတွင် ပင်တယမြို့ရောင်လမ်းဖောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးငွေးရဲဆေ၏ **မချမ်းဘောမြို့တွင်း လမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် တိုးချဲ့ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မချမ်းဘောမြို့တွင်းလမ်း၏ ကတ္တရာလမ်း ၃ မိုင်တွင် ၁၈ ပေ အကျယ်လမ်းချဲ့ပြီး ၆ ဖာလုံရှိပါကြောင်း၊ ၁၈ ပေ အကျယ်ချဲ့ရန် ကျန် ၂ မိုင် ၂ ဖာလုံအတွက် လမ်းခင်းပစ္စည်းများ သယ်ယူရရှိနိုင်မည့် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေး၏ **မော်လမြိုင်မြို့နှင့် နေပြည်တော်သို့ ဆက်သွယ်သော မီးရထားအား မည်သည့်အချိန်တွင် စတင်ပြေးဆွဲမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မော်လမြိုင်မြို့နှင့် နေပြည်တော်သို့ ဆက်သွယ်ထားသော နေပြည်တော်-တောင်ငူ-အိမ်ခြေလေးဆယ်-ဆတ်သွားကုန်း-မော်လမြိုင် ရထားလမ်းပိုင်းသည် ၂၀၀၇ ခုနှစ် ဇူလိုင်မှစ၍ နေပြည်တော်-မော်လမြိုင် ရထားနှင့် အမှတ်(၁၈/၁၇) မော်လမြိုင်-နေပြည်တော် ရထားများ ပြေးဆွဲပေးခဲ့ပြီး ခရီးသည်စီးနင်းမှုနည်းပါးသည့်အတွက် နိုင်ငံတော်မှအရှုံးခံပြေးဆွဲ၍ ဝန်ဆောင်မှုပေးခဲ့ပါကြောင်း။

သို့သော်လည်း နေပြည်တော်-မော်လမြိုင် တိုက်ရိုက်ရထားများ ပြေးဆွဲပေးခြင်းမရှိသေးသော်လည်း ရန်ကုန်-ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းနှင့် ရန်ကုန်-ပဲခူး-တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်းတို့တွင် ခေတ်မီ DEMU ရထားတွဲဆိုင်းများနှင့် ပုံမှန်အမြန်ရထားများ၊ ခရီးတို ရထားများအဖြစ် RBEI BEMU များနှင့် ပဲခူး-တောင်ငူ-နေပြည်တော် လမ်းပိုင်းတွင် အရှန်/အဆန် ပြေးဆွဲပေးလျက်ရှိသည့်အတွက် မော်လမြိုင်မှ ပဲခူး၊ ပဲခူးမှ နေပြည်တော်အထိ အဆင်ပြေချောမွေ့စွာ ချိတ်ဆက်၍ ခရီးသွားလာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ မော်လမြိုင်မှ နေပြည်တော်သို့ တိုက်ရိုက်ရထားများ ပြေးဆွဲပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **သက်တမ်းလွန် မော်တော်ယာဉ်/ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်ပြုမည့် အစီအစဉ်နှင့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင်သက်သေခံလက်မှတ်များ ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိမှတ်ပုံတင်ထားသည့် (၅)နှစ်ကျော် သက်တမ်းလွန် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၁ (က) ပုဒ်မခွဲ ၃ အရ ပြန်လည်မှတ်ပုံတင် ဆောင်ရွက်ပေး၍ မရပါကြောင်းနှင့် နယ်မြေဒေသလုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မှတ်ပုံတင်ထားသည့်ရုံးများသို့ လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကိုသာ နယ်မြေဒေသအခြေအနေအပေါ်မူတည်၍ အထူးကိစ္စတစ်ရပ်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင် သက်သေခံလက်မှတ် ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် သတ်မှတ်ထားသည့် အထောက်အထားများအား စိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှဲမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မြို့နယ်ပြည်သူ့ဆေးရုံအတွက် လျှပ်စစ်ဓာတ် အားပေးမီးစက်ပုံပိုးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မိုးညှဲမြို့နယ်ဆေးရုံအတွက် လိုအပ်သော 25 KVA Generator ကို ကုသရေးဦးစီးဌာနမှ 25 KVA Generator (၁)လုံး ထောက်ပံ့ပေးပြီး ယခုအခါ တပ်ဆင်ပြီးစီးကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ဒေါင့်ကြီးတိုက်နယ်ဆေးရုံအား ပြန်လည် တည်ဆောက်ပေးရန်နှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးတိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်း ၄ ခုအား ၂၀၁၈-၂၀၁၉ မှ ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်း ၃၈ ရာခိုင်နှုန်းစီ ပြီးစီးခဲ့၍ ငွေပေးချေခဲ့ပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီမှလုပ်ငန်းများ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းစဉ်များအား တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ၏ ကျန်ရှိလုပ်ငန်းများအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေပြန်လည်လျာထားပေးမည်ဖြစ်ပြီး တိုက်နယ်ဆေးရုံအဆောက်အအုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေဘဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေဘြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် (အထူးကု) တစ်ဦးကို မည်သည့်အချိန်တွင် တာဝန်ချထားပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဝေဘြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှုပူးနှင့်အတူ လက်ထောက်ဆရာဝန်လေးဦး၊ သွားနှင့်ခံတွင်းဆရာဝန် တစ်ဦး။ သူနာပြုဝဒ္ဒဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၃၀ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။ ဝေဘြို့နယ်ပြည်သူ့ဆေးရုံသည် (၂၅)ခုတင်ဆုံ ပြည်သူ့ဆေးရုံဖြစ်ပါသဖြင့် အထူးကုဆရာဝန်များ ခန့်ထားရန်အတွက် ဖွဲ့စည်းပုံမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၈ သို့ ↓

☆ စာမျက်နှာ ၇ မှ

မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ခမ်း၏ **မိုင်းယောင်းမြို့နယ် နမ့်ဟင်းချောင်း လက်ရိုက်ရေလွှဲဆည်အား ကျောက်စီကွန်ကရစ် ရေလွှဲဆည် တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်** စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုလိမ်လင်ကျော်က မိုင်းယောင်းမြို့နယ်ရှိ နောင်ဘိုးကျေးရွာအနီး နမ့်ဟင်းချောင်းပေါ်တွင် ဒေသခံတောင်သူများ၏ ကိုယ်ထူကိုယ်ထ လက်ရိုက်ရေလွှဲဆည်ဖြစ်သည့် နောင်ဘိုးလက်ရိုက်ရေလွှဲဆည်အား အခိုင်အမာ ကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန်အတွက် လိုအပ်သည့် ရန်ပုံငွေကို သင့်လျော်ရာဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် မိုင်းနှန်းကျေးရွာ နမ့်နှန်ချောင်းခမ်းနဲ့ ရေလွှဲဆည် ချောင်းဘေးကမ်းပါး ပြိုကျဖျက်စီးမှုနှင့် ကျန်ရှိသည့် ကျောက်စီရေသွယ်မြောင်းအား မည်သည့်အချိန်ဝင်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလိမိုလ်ကျော်က မိုင်းခတ်မြို့နယ် နမ့်နှန်ချောင်းခမ်းနဲ့ ရေလွှဲဆည် ချောင်းဘေးကမ်းပါးသည် ၂၀၂၆ ခုနှစ်တွင် ချောင်းရေတိုက်စားမှုကြောင့် ချောင်းပေါင်းအလျား ပေ ၆၀ ခန့်ထပ်မံကျိုးပေါက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နမ့်နှန်ချောင်း ချောင်းလမ်းကြောင်း ပြောင်းလဲစီးဆင်းမှုအား ပြန်လည်ပိတ်ဖို့ခြင်း၊ ချောင်းအတွင်းပို့ချလျက်ရှိသည့် သဲနုန်းများအား တူးဖော်၍ ချောင်းပေါင်းဆင့်ခြင်း၊ ရေပေးမြောင်း ထပ်မံထိခိုက်ပျက်စီးမှုမဖြစ်စေရေးအတွက် ရေပေးမြောင်းပေတိုင် သဲထုတ်ရေတံခါးနှင့် ရေဆိုးထုတ်မြောင်း တည်ဆောက်ခြင်းနှင့် တူးမြောင်းအား သဲနုန်းပြန်လည်တူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

ရေလွှဲဆည်ချောင်းကမ်းပါး ပြိုကျဖျက်စီး၍ ချောင်းလမ်းကြောင်းပြောင်းလဲသည့် နေရာအား ပြန်လည်ပိတ်ဖို့ခြင်းနှင့် သဲနုန်းတူးဖော်ပေါင်းဆင့်ခြင်း လုပ်ငန်း၊ ရေပေးမြောင်းတွင် သဲထုတ်ရေတံခါး၊ ရေဆိုးထုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် တူးမြောင်းပုံစံကျ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အနီးစပ်ဆုံး သင့်လျော်ရာဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လွှိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **မိုးဇြဲရေကာတာမှ မှုံပြာကျေးရွာအထိ မြောင်းတစ်လျှောက် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန်နှင့် ရေမိုင်နာမြောင်းများပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလိမိုလ်ကျော်က မိုးဇြဲတမံမှ မှုံပြာရွာအထိ လက်ဝဲမြောင်းမကြီးအလျား ၅၆၂၃၄ ပေမှ လိုအပ်သည့်နေရာများ၌ အပိုင်းလိုက် အလျား ပေ ၁၈၀၀ ခန့်ကို ကွန်ကရစ်လိုင်နှင်စီထားပြီး ဖြစ်ပါကြောင်း။

ထို့ပြင် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လက်ဝဲမြောင်းမကြီးမှ သဲနုန်းတူးဖော်ရန် လိုအပ်သည့်အပိုင်းအလိုက် အလျားပေ ၂၀၂၅၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်း၊ လက်တံ(၁) မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျားပေ ၂၅၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နှင်စီခြင်း၊ လက်တံ(၂)မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျားပေ ၂၆၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နှင်စီခြင်း၊ လက်တံ(၃)မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျားပေ ၁၄၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နှင်စီခြင်း၊ လက်တံ(၄)မြောင်းမှ လိုအပ်သည့် အပိုင်းအလိုက် အလျားပေ ၁၄၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နှင်စီခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိုးဇြဲဆည်ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းများ ရေရှည်တည်တံ့ပြီး ထိရောက်အကျိုးရှိစွာ စိုက်ပျိုးရေးပေးဝေနိုင်ရေးအတွက် မြောင်းပုံစံကျ သဲနုန်းတူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နှင်စီခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခဲဝေရရှိမှုအပေါ် မူတည်၍ လျာထားစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် **"စာပေနှင့် ယဉ်ကျေးမှု ရိုးရာထုံးစံများ မပျောက်မပျက်စေရေးအတွက် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒနှင့် စာပေရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/နည်းဥပဒေ (တစ်ခု) ရေးဆွဲပြီး တိတိကျကျ ပြဋ္ဌာန်းသင့်ကြောင်း အဆို"**နှင့် စပ်လျဉ်း၍ လွတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်က လူမှုကွန်ရက်စာမျက်နှာများပေါ်က မြန်မာစာအရေးအသားများကို အထောက်အထား ပြု၍ နိုင်ငံသုံးဘာသာ၊ သင်ကြားရေးဘာသာ၊ ဆက်သွယ်ရေးဘာသာဆိုသည့် အင်္ဂါရပ်သုံးခုဖြင့် ပြည့်စုံသောမြန်မာစာသည် နိမ့်ကျရုံမျှမက ပျက်စီးစပြုနေပြီဆိုသည့် လိမ္မော်ရောင်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုတွင် မြန်မာဟူသည် ဂုဏ်ယူနိုင်လောက်သည့် ထိပ်တန်းစာရင်းဝင်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်ပြီး လူမျိုးပျောက်လျှင် နိုင်ငံပါပျောက်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုဆိုသည်မှာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းရမည့် အမျိုးသားဓာတိဥပဓိဖြစ်ပါကြောင်း။

သို့ဖြစ်၍ စာပေ၊ ယဉ်ကျေးမှု၊ ထိန်းသိမ်းသင့်သည့် ဓလေ့ထုံးစံများ မပျောက်မပျက်စေရေးအတွက် စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရောက်ခြင်း ဆိုင်ရာ မူဝါဒလောက်မျှဖြင့် မလုံလောက်ပါကြောင်း၊ ဥပဒေတစ်ရပ် ခိုင်ခိုင်မာမာနှင့် ၎င်း၏ နည်းဥပဒေ တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက အမျိုးသားဘာသာ၊ စာပေနှင့်ယဉ်ကျေးမှုများ မပျောက်မပျက်စေရန် အမျိုးသားအဆင့်မူဝါဒနှင့် သီးခြားဥပဒေ/ နည်းဥပဒေများကို တိကျစွာ ပြဋ္ဌာန်းခြင်းသည် နိုင်ငံ၏မွေးရာပါ အမွေအနှစ်များနှင့် မျိုးဆက်သစ်တို့၏ အသိဉာဏ်အဆင့်အတန်းကို တရားဝင်အာမခံချက်ပေးနိုင်ရန်အတွက် အလွန် အရေးကြီးပါကြောင်း၊ အမျိုးသားဘာသာနှင့် စာပေ ထိန်းသိမ်းရေးလိုအပ်ချက်များ၊ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းခြင်း၊ ဒီဂျစ်တယ်ခေတ်နှင့် နိုင်ငံတကာယဉ်ကျေးမှုများ ဝင်ရောက်လာမှုကြောင့် လူငယ်များစွာသည် မိခင်ဘာသာစကားနှင့် စာပေ အပေါ် စိတ်ဝင်စားမှုလျော့နည်းလာခြင်းကို ဥပဒေ ဖြင့် ကာကွယ်ရန် လိုအပ်ပါကြောင်း။

ခေတ်မီတိုးတက်မှုနှင့် မိမိတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှုစရိုက်လက္ခဏာများ မဆုံးရှုံးစေရန် ပညာရေးသင်ရိုးညွှန်းတမ်းများတွင် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို စနစ်တကျ ထည့်သွင်းပြဋ္ဌာန်းသင့် ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို တရားမဝင်ဖျက်ဆီးမှု မှားယွင်းစွာလိမ်လည် ပြောင်းလဲခြင်းအတွက် ဥပဒေအရ ပြစ်ဒဏ်များ သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ ထုံးစံများကို ထိန်းသိမ်းခြင်းသည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရုံဖြင့် ပြီးမြောက်သွားမည့်ကိစ္စမဟုတ်ပါ ကြောင်း၊ မျိုးဆက်သစ်များ လက်ဆင့်ကမ်းအသုံးပြု နိုင်ရေး၊ ပညာရှင်များ၏ အသိပညာကို မှတ်တမ်းတင် ရေး၊ ဒေသခံလူထု၏ ပါဝင်မှုကို အားပေးရေးနှင့် လိုအပ်သော အရင်းအမြစ်များကို ရရှေ့ည်ပုံပိုးရေးတို့ ဖြင့်သာ အမွေအနှစ်များကို အခွန်ရှုံညတည်တံ့စေနိုင် မည်ဖြစ်ပါကြောင်း။

မိမိတို့၏ ရည်မှန်းချက်သည် ဥပဒေများ များပြားလာရေးမဟုတ်ဘဲ ဥပဒေများ၏ အကျိုး သက်ရောက်မှုပိုမိုကောင်းမွန်လာရေး၊ ဘဏ္ဍာငွေများ ထိရောက်စွာ အသုံးချနိုင်ရေးနှင့် ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာအမွေအနှစ်များ မျိုးဆက်သစ်များထံ လက်ဆင့် ကမ်းနိုင်ရေးပင် ဖြစ်သင့်ပါကြောင်း။

စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့် လက်ရှိအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ပြည့်စုံစွာ စီစစ်သုံးသပ်ရန်၊ လက်ရှိဥပဒေများကို အကောင်အထည်ဖော်ရာတွင် လိုအပ်နေသော ဘတ်ဂျက်၊ နည်းပညာ၊ သုတေသန နှင့် လူစွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေး ရန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ထပ်နေမှုများကို ရှောင်ရှား ပြီး ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသခံလူထုတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ဥပဒေအသစ်တစ်ရပ် လိုအပ်၊ မလိုအပ်ကို အချက်အလက်နှင့် ဥပဒေရေးရာ စီစစ်ချက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ပေးရန်တို့ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေအသစ်ပြဋ္ဌာန်းရေး ချက်ချင်းဆောင် ရွက်ခြင်းထက် လက်ရှိအကောင်အထည်ဖော်မှုကို ဦးစွာစီစစ်သုံးသပ်ပြီး လိုအပ်သည့် အားဖြည့်မှုများကို ဆောင်ရွက်ရန် ဦးစားပေးသင့်ကြောင်း အကြံပြု ဆွေးနွေးသည်။

ယင်နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက မြန်မာနိုင်ငံ တိုင်းရင်းသား အားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာထုံးတမ်းစဉ်လာများ၏ သဘောသဘာဝ၊ ထိန်းသိမ်းရေးနည်းလမ်းများ မတူညီကြသဖြင့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာန နှင့်အဖွဲ့အစည်းများလည်း ကွဲပြားပါကြောင်း၊ ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့များ ထိန်းသိမ်းဖြင့်တင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မူဝါဒများနှင့် နိုင်ငံတော်အဆင့် စီမံချက်များချမှတ် ထားပြီးဖြစ်သကဲ့သို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားသွန်ခွန်စိုက် ဦးဆောင်ဦးရွက်ပြုပြီး ဝန်ကြီးဌာန များက ဆောင်ရွက်နေကြကာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများတွင် လိုအပ်သော ပြဋ္ဌာန်းချက်များ ပါဝင်ပြီးဖြစ်ပါကြောင်း။

ယနေ့ပြောင်းလဲလာသည့် ခေတ်ကာလအခြေ အနေများအရ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များ သည် အဆိုတွင် ပါဝင်သော လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွှမ်းခြုံနိုင်မှု အားနည်း ချက်များ ရှိလာခြင်းအတွက် ပိုမိုထိရောက်သော ပြဋ္ဌာန်းချက် များရှိလာပါက လွတ်တော်ကိုယ်စားလှယ်များအနေ ဖြင့် ဥပဒေပြုလွတ်တော်များမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းတိုင်ပင်၍ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက် ပြဋ္ဌာန်းနိုင်ကြပါရန်နှင့် အဆိုပါ လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရန်အတွက် လွတ်တော်ကိုယ်စားလှယ်တော်များ အနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာနယ်မြေများတွင် ဒေသအာဏာ ပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ကြပါရန်၊ ဒေသခံ ပြည်သူများကိုလည်း စည်းရုံးဆောင်ရွက်ပေးနိုင်ကြ ပါရန်နှင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပေးနိုင် ပါရန် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတ္ထဌာန ဒဂုံမြို့ သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွတ်တော် ကိုယ်စားလှယ်များ၏ အကြံပြု ဆွေးနွေးချက်များကို အလေးအနက်ထားကာ သက်ဆိုင်ရာဝန်ကြီးဌာနက မှတ်သားထားရှိပြီး ၎င်းအဆိုပြုချက်အပေါ် မှတ်တမ်း တင်စောင့်ကြည့်သွားသင့်ကြောင်း လွတ်တော်၏ အဆုံးအဖြတ်ရယူရာ လွတ်တော်က သဘောတူသည့် အတွက် အဆိုအား မှတ်တမ်းတင်စောင့်ကြည့်မည် ဖြစ်ကြောင်း ကြေညာသည်။

ယင်နောက် အမျိုးသားလွှတ်တော်က ပြင်ဆင် ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ ကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်က လွတ်တော်သို့ ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နား လိုက်ပြီး အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

ဝါစိုက်တောင်သူများအား ချေးငွေပေးအပ်

အောင်လံ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် ဝါသီးနှံ နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ တိုက်ရိုက်ထုတ်ချေးငွေဖြင့် ဝါစိုက်တောင်သူများအား ချေးငွေပေးအပ်ပွဲကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ **(ယာဝုံ)**

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဝါသီးနှံ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တိုက်ရိုက်ထုတ်ချေးငွေဖြင့် ငွေထုတ်ချေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ဝါသီးနှံ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ချေးငွေစာချုပ်အကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု ၂၁ အုပ်စု၊ ဝါစိုက်တောင်သူ ၅၅၃ ဦးအတွက် ဝါစိုက်ဧက ၂၂၀၀ တစ်ဧက ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ခြောက်ထောင် ကျော်အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့် တင်ရေးကြိုးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဝါစိုက်တောင်သူများအား အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)

o–o–o–o–o

o–o–o



ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် AA အဖွဲ့ ၊ PLF အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် ၂၈ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် အောက်တိုဘာ ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် ၁၅ ဦး၊ PLF အဖွဲ့ဝင် တစ်ဦးနှင့် PDF အဖွဲ့ဝင် ၁၂ ဦး စုစုပေါင်း ၂၈ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆို လက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ကျင်းပပြုလုပ်သည်။

ထိုသို့ ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှာ AA အဖွဲ့ဝင်များဖြစ်သော ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်မှ အမျိုးသား ငါးဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ ပေါက်တော်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မြောက်ဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မင်းပြားမြို့နယ်မှ အမျိုးသား တစ်ဦး AA အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၊ PDF အဖွဲ့ဝင်များဖြစ်သော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့မှ အမျိုးသားခြောက်ဦး၊ ကြံခင်းမြို့နယ်မှ အမျိုးသားတစ်ဦး၊ ညောင်တုန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး မြင်းမြို့နယ်မှ အမျိုးသားတစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် ၁၂ ဦးနှင့် PLF အဖွဲ့ဝင်ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ အမျိုးသားတစ်ဦး စုစုပေါင်း ၂၈ ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကားပြောကြားသည်။



ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် အမ်အေ-၁ သုံးလက်၊ အမ်အေ-၃ တစ် လက်၊ အမ်-၂၂ တစ်လက်၊ အမ်အေ -၁၁ တစ်လက်၊ Type -81 တစ်လက်၊ ပါရီအမျိုးအစား မောင်းပြန်ရိုင်ဖယ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ၁၁ ခု၊ ကျည်မျိုးစုံ ၁၉၁ တောင့်တို့အား လွှဲပြောင်း အပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အတွက် မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် ၁၀ လက် အတွက် ကျပ်သိန်း ၅၀၀ နှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၂၈ ဦးအတွက် ငွေကျပ် ၈၄ သိန်း စုစုပေါင်းချီးမြှင့် ငွေကျပ် ၅၅၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ ကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့်အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြားခြင်း အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နှစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသူများ အနေဖြင့် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြဲမပြတ်သွားရောက် သတင်းပေးပို့လာပါက ကြိုဆို လက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွား မည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အလင်းဝင်(၁)

ကျွန်တော် ၂၀၂၄ ခုနှစ် ဧလပိုင်း ၁၅ ရက်နေ့မှာ ရွာကို စောကရင် ဆိုတဲ့ တပ်ခွဲမှူးဝင်လာပါတယ်။ ဝင်ပြီးတော့ တစ်အိမ်တစ်ယောက် မဲနိုက်ခိုင်းပါတယ်။ မနှိုက်ဘူးလို့ ပြောတဲ့ အခါကျတော့ တစ်အိမ် တစ် ယောက် ဖမ်းဆီး ခေါ်သွားပါတယ်။ ပြီးတော့ ကျွန်တော်တို့ကို ကားပေါ်တင်ပြီး ရင်း (၉)ကို ပို့ပါတယ်။ ရင်း (၉)မှာ သင်တန်း သုံးလတာက်ပါတယ်။ အလုပ်ကပြီးရင် ကျွန်တော်တို့ သင်တန်း နောက်ထပ် ထပ်တက်



ဆိုတယ် အဲဒါက် မှာနေရုတာက ခြုံကြ

ပါတယ်။ တက်တဲ့အချိန်မှာ ကျွန်တော်တို့ကို သင်တန်းသား ရိုက်နည်းနဲ့ရိုက်တာကို မဟုတ်ပါဘူး၊ သူ့ရဲစိတ်မှာ ရဲတော် တစ်ယောက်ကိုရိုက်တာ မဟုတ် ပါဘူး။ နှင်းကန်နှိပ်စက် နေတာပါ။ ကျွန်တော်တို့ သင်တန်းသုံးလမှာ လက်နက်ငယ် သင်တန်း၊ တိုက်ခိုက်ရေးသင်တန်း၊ ပြီးရင် ကုန်းထိုး ကျားထိုးတာတွေ သင်ပေးတယ်။ ပြီးရင် ခြံစည်းရိုး ဖြတ်တဲ့နည်းတွေ အဲဒါမျိုးတွေ ကျွန်တော်တို့ကို သင်ပေးပါတယ်။ ကျွန်တော် သင်တန်းဆင်းပြီးတော့ ဧရာဝတီရိုးမစစ်ကြောင်း တပ်ရင်း ၃ ကို ကျွန်တော်တို့ကို ပို့ပါတယ်။ တိုက်တဲ့အချိန်မှာ PDF နှစ်ဦး ကျဆုံးခဲ့ပါတယ်။ ယုံကြည်ချက် မရှိဘဲ ကျွန်တော်အဲဒီထဲ ရောက် သွားတာပါ။ ပြေးခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ ညောင်အိုင်ရွာက နေပြီးတော့ ကွင်းကလေးကို ပြေးပါတယ်။ ပြေးတဲ့အချိန်မှာ ကျွန်တော်တို့ကို ကွင်းကလေး ရွာထိပ်ကနေ ပြန်ဖမ်းပါတယ်။ ဖမ်းပြီးတော့ ကျွန်တော်တို့ကို ၁၅ ရက် ခြောက်ပေါက်ချပါတယ်။ လက်နက် ခဲယမ်းတွေလည်း သိမ်းသွားပါတယ်။ ထပ်ပြေး လည်းပြေးရော ကျွန်တော်တို့ တပ်မတော်အဖွဲ့တွေနဲ့ တွေ့ပါ တယ်။ တပ်မတော် နဲ့ ချိတ်ဆက်ပြီး တပ်မတော်အဖွဲ့ တွေကလည်း ပုသိမ်ဘက်ကို ကျွန်တော်တို့ကို ပို့လိုက်ပါတယ်။ တပ်မတော်ထဲ အလင်းဝင်တော့ ကျွန်တော်တို့ကို ရိုက်လည်းမရိုက် ပုတ်လည်းမပုတ်ပါဘူး။ ကျွန်တော် တို့ တပ်မတော်အဖွဲ့ထဲကို အလင်း ဝင်မယ်ဆိုရင် PDF သူပုန်တွေက ကျွန်တော်တို့ကို ပြောပါတယ်။ မင်းတို့ တပ်မတော်ထဲဝင်ရင် သတ်မှာဖြတ်မှာ၊ မင်းတို့ကို အရှင် မထားဘူး။ မင်းတို့ကို သတ်ပြီး တော့ ရေထဲမျှောပစ်မှာလို့ ပြောပါ တယ်။ ကျွန်တော်တို့ အလင်းဝင် တဲ့အခါကျတော့ တပ်မတော်က ကောင်းမွန်စွာ ကျွေးပါတယ်။ ဒီက အရာရှိ ပုဂ္ဂိုလ်တွေကလည်း မနက်စာကို ထမင်းကြော်ရယ်၊ လက်ဖက်ရည်ရယ် တိုက်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်ရောက် လာတဲ့သူတွေကို တပ်မတော်မှာ ရှိတဲ့ တာဝန်ရှိသူတွေနဲ့ အစိုးရမှာ ရှိတဲ့ တာဝန်ရှိသူတွေက အခမ်း အနားနဲ့ ကြိုဆိုခဲ့ပါတယ်။ ပြီးရင် ကျွန်တော်တို့ကို ထောက်ပံ့ကြေး ငွေတွေလည်း ပေးခဲ့ပါတယ်။ မိသားစုနဲ့ ပြန်ဆုံခွင့်ရအောင် လုပ်ပေးခဲ့တဲ့ တပ်မတော်မှာ ရှိတဲ့ တာဝန်ရှိသူတွေကိုလည်း ကျွန်တော်တို့ အလင်းဝင် ညီအစ်ကိုတွေက အထူးပဲကျေးဇူး တင်ရှိပါတယ်။ PDF အကြမ်းဖက် အဖွဲ့ထဲမှာရှိတဲ့ သူငယ်ချင်းတွေ အကုန်လုံးကို ကျွန်တော်က ဒီကပဲ ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော် တို့ဒီမှာထားတာနွေးနွေးထွေးထွေး ကြိုဆိုတယ်။ ဟိုဘက်မှာ နေရတာက ချုံကြိုချုံကြား၊ မြောင်း ကြိုမြောင်းကြားမှာ အိပ်နေရတဲ့ သူငယ်ချင်းအပေါင်းတို့ကို ဒီကပဲ ခေါ်ချင်ပါတယ်။ တပ်မတော်က လည်း နွေးနွေးထွေးထွေးကြိုဆို ပါတယ်။ တကယ်လို့ လာချင်ခဲ့ ရင် တပ်မတော်ကို ချိတ်ဆက် လုပ်ပြီးတော့ အလင်းဝင်လာ ခဲ့ကြဖို့ တိုက်တွန်းမှိုးဆော်အပ် ပါတယ်။

အလင်းဝင် (၂)

ကျွန်တော် AAထဲကို ရောက် သွားတဲ့ အကြောင်းရင်းက တော့ ကျွန်တော်နေတဲ့ ရပ်/ရွာမှာ လာပြီးတော့ စစ်မှုထမ်းဖို့၊ မင်း ငါတို့နဲ့ သင်တန်းတက်ဖို့ ဒီတစ်ခေါက်မှာ လိုက်ခဲ့ဖို့ ကျွန်တော့်ကို ခေါ်သွားတယ်။ ဒီတစ်ခေါက်မှာ မင်းလိုက်ရင် လိုက် မလိုက်လို့ရှိရင် နောက် တစ်ခါဆိုလည်း မင်းတို့တွေ မဖြစ် မနေ ဒီထဲကို ဝင်ရမှာပဲဆိုပြီးတော့၊ ငါခေါ်တဲ့ ဒီတစ်ခေါက်မှာလိုက် ရင်လိုက် မလိုက်လို့ရှိရင် နောက် တစ်ခေါက်ကျလို့ရှိရင် မင်းအိမ်ကို လည်း ပြန်လာရမှာ မဟုတ်ဘူး။



ငါဒီတစ်ခေါက်ခေါ်တယ်ဆိုတာ မင်းတို့ကို စေတနာရှိလို့ ခေါ်တာ။ အဲဒီလိုမျိုး ကျွန်တော့်ကို ပြောပြီးတော့ ခေါ်သွားတယ်။ အလင်းသာကို ပို့တယ်။ အလင်းသာ တော ကျောင်းဆိုတဲ့နေရာမှာ ကျွန်တော် သင်တန်းကျောင်းတက်ရတယ်။ ကျွန်တော်တို့ ရဲဘော်တွေပဲ ရှေ့တန်းမှာ နေရတယ်။ သူတို့က တော့ နောက်ကနေ နေတယ်။ ကျွန်တော်တို့ကတော့ ရှေ့မှာ တိုက်ရတာပေါ့။ အသေခံပြီးတော့ ကုန်းတစ်ကုန်းထိုးလို့ခိုင် သွားရင် ကောင်းတယ်။ မနိုင်ဘဲနဲ့ ပြန်ဆုတ်သွားရင်လည်း နောက် ကို မောင်းတင်ပြီး စောင့်နေတယ်။ မင်းတို့ လုံးဝဆုတ်မိန့်မရှိဘဲနဲ့ မဆုတ်ရဘူး။ အဲဒီတော့ ကျွန်တော် တို့ထဲကပဲ သူငယ်ချင်း တစ်ယောက်နဲ့ တွေ့ပြီးတော့ အဲဒီ သူငယ်ချင်းနဲ့ ကျွန်တော် တိုင်ပင် တယ်။ အေး ငါတို့ ဒီထဲမှာ ရှေ့ဆက်ပြီး နေလို့ရှိရင် ဘာမှ အကျိုးမရှိဘူး၊ ငါတို့အသက်တွေ ဆုံးရှုံးသွားတာပဲရှိမယ်။ ကျွန် တော်တို့နှစ်ယောက် ထွက်ပြေးဖို့ တိုင်ပင်ကြပါတယ်။ တိုင်ပင်ပြီး တော့ ကျွန်တော်တို့နှစ်ယောက် ထွက်ပြေးလာတယ်။ ရဲစခန်းကို ကျွန်တော်တို့ အဆက်အသွယ်လုပ် တယ်။ ရဲစခန်းက ရဲတွေလာပြီး တော့ ကျွန်တော်တို့ကို ခေါ်တယ်။ ကျွန်တော်တို့ကို ပုသိမ်ပို့တယ်။ ပုသိမ် ပို့ပေးတဲ့အချိန်မှာလည်း ပုသိမ်ရောက်တာ နဲ့ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးပဲကြိုဆိုကြ ပါတယ်။ နွေးနွေးထွေးထွေး ကြိုဆိုတဲ့အပြင် ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန်ပဲ ထားပါ တယ်။ ကျွန်တော်တို့ အလင်းဝင် လာတဲ့ လူတွေကို နိုင်ငံတော်နဲ့ တပ်မတော်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ် တွေက အခမ်းအနားကြီးတွေနဲ့ လုပ်ပေးတယ်။ ပြီးလို့ရှိရင် ထောက်ပံ့ကြေး ငွေဆိုလည်း ပေးပါတယ်။ ပြီးလို့ရှိရင် မိဘတွေနဲ့ ကွဲကွာနေတဲ့လူတွေကို မိဘ တွေနဲ့လည်း အဆက်အသွယ် ရအောင် လုပ်ပေးတယ်။ နိုင်ငံနဲ့ တပ်မတော်မှာ တာဝန်ရှိတဲ့လူတွေ အားလုံးကို အထူးပဲကျေးဇူးတင်ပါ တယ်။ ကျွန်တော်တို့လိုပဲ အလင်း လာဝင်ကြပါ။ ကိုယ့်ဘဝခံယူချက် ဘာမှမရှိဘဲနဲ့ အဲဒီမှာ ဆက်ပြီးတော့ မနေကြပါနဲ့၊ ကျွန်တော် အားလုံးကို ဖိတ်ခေါ်ပါတယ်။ **သတင်းစဉ်**

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ်အဆောက်အအုံ တစ်လုံးအား ယနေ့အထိ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် သုံးလုံးတို့အား



ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထား နှိမ်နင်းလျက်ရှိကြောင်း သိရသည်။

၁၀၀

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ဖြိုဖျက်ပြီးစီးမှုအခြေအနေ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၆ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၆ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၆ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း(ကျားဖြန့်) လုပ်ကိုင်ခဲ့သည့် (၆)ထပ်အဆောက်အဦအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု (၂၈-၁၀-၂၀၂၆)

ဖြိုဖျက်ပြီးစီးမှုအခြေအနေ



နိုင်ငံတကာ အားကစား သတင်းများ

လူးကပ်စ်ဒါကွန်ဟာကို ခေါ်ယူရန် စပါးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ အပြိုင်စိတ်ဝင်စား



လန်ဒန် အောက်တိုဘာ ၂၈

ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် စပါးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့သည် ကိုမိုအသင်း ကွင်းလယ်ကစားသမား လူးကပ်စ်ဒါကွန်ဟာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကိုမိုအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၈ ပွဲကစားပြီး ၁၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ် ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကိုမိုအသင်းကလည်း လူးကပ်စ်ဒါကွန်ဟာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် စပါးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့အနေဖြင့် ဆောင်းရာသီစျေးကွက်အတွင်း တွင် ကိုမိုအသင်းထံမှ လူးကပ်စ်ဒါကွန်ဟာကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)(NGB)

အက်စတီဘန်လီပိုလ် အသင်းတွင် ဆက်ရှိသွားမည်ဟု ရင်းနှီးမှုအသင်း အတည်ပြု



ပါရီ အောက်တိုဘာ ၂၈

တိုက်စစ်မှူး အက်စတီဘန်လီပိုလ် အသင်းမှ ထွက်ခွာမည်ဆိုသောသတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ရင်းနှီးမှုအသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် လိဂ်စစ်အသင်းနှင့် အဲဗာတန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အက်စတီဘန်လီပိုလ်သည် ရင်းနှီးမှုအသင်းနှင့် အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၄ ပွဲကစားပြီး ၂၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ရင်းနှီးမှုအသင်းထုတ်ပြန်ချက်တွင် "အက်စတီဘန်လီပိုလ် အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ မျော်လင့်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)(NGB)**

၂၀၂၆ခုနှစ်အတွက် Ballon d'Or ဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသမီးကစားသမားဆုကို ပူတဲ့လက်စွဲဆွတ်ခူး

မက်ဒရစ် အောက်တိုဘာ ၂၈

၂၀၂၆ခုနှစ် Ballon d'Or ဆုပေးပွဲတွင် အကောင်းဆုံး အမျိုးသမီးကစားသမားဆုကို စပိန်လက်ရွေးစင်အသင်းနှင့် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ပူတဲ့လက်စွဲက ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အကောင်းဆုံးအမျိုးသမီးကစားသမားဆုကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

ကွင်းလယ်ကစားသမား ပူတဲ့လက်စွဲသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ ဆုဖလားများစွာ ရယူနိုင်ခဲ့သည့်အပြင် စပိန်လက်ရွေးစင်အသင်းနှင့်လည်း ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ပူတဲ့လက်စွဲက "ကျွန်မအခုလို အကောင်းဆုံးအမျိုးသမီးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ယာဝုံ)(NGB)**



* * * * * *

လာဇီယိုအသင်းက ဆက်ဆူအိုလိုအသင်းကို ခြောက်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

တူရင် အောက်တိုဘာ ၂၈

စီးရီးအေပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လာဇီယိုအသင်းနှင့် ဆက်ဆူအိုလိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လာဇီယိုအသင်းက ဆက်ဆူအိုလိုအသင်းကို ခြောက်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လာဇီယိုအသင်းအတွက် သွင်းဂိုး ခြောက်ဂိုးကို ပွဲချိန် ၂ မိနစ်တွင် တေလာ၊ ပွဲချိန် ၁၃ မိနစ်တွင် အီဆက်ဆန်၊ ပွဲချိန် ၁၅ မိနစ်တွင် မူဆိုလီနီ၊ ပွဲချိန် (၄၅+၁)မိနစ်တွင် ဇက်ကာနီ၊ ပွဲချိန် ၅၆ မိနစ်နှင့် ၆၅ မိနစ်တွင် တီဂျာနီတို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အောက်ပုံ)**

လာဇီယိုအသင်းသည် စီးရီးအေပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁ ရက်တွင် ကက်ဂလီယာရီအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။**(NGB)**





နည်းပြ ဒီရော့စီ ဂျီနိုအာအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

တူရင် အောက်တိုဘာ ၂၈

ဂျီနိုအာအသင်းသည် လက်ရှိအချိန် ရလဒ်ဆိုးများကြောင့် နည်းပြ ဒီရော့စီကို နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

ဂျီနိုအာအသင်းသည် ယခုနှစ် ဘောလုံးရာသီ စီးရီးအေပွဲစဉ် ၈ပွဲကစားအပြီးတွင် ရမှတ် ခုနစ်မှတ်ဖြင့် အဆင့် ၁၆ နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားခြင်းကြောင့် နည်းပြ ဒီရော့စီကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

နည်းပြ ဒီရော့စီသည် ဂျီနိုအာအသင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၆ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၉ ပွဲတွင် ၁၃ ပွဲနိုင်၊ ကိုးပွဲ သရေ၊ ၁၇ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့ကြောင့် နည်းပြ ဒီရော့စီအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဂျီနိုအာအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၂ ရက်တွင် စတင်မည်

ပါရီ အောက်တိုဘာ ၂၈

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၂ ရက်တွင် စတင်သွားမည် ဖြစ်သည်။



အဆိုပါ 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၉ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်ပြီး နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီတလီတင်းနစ်ကစားသမား Jannik Sinner ဖြစ်သည်။ **(ဝဲပုံ)(NGB)**


ဇာဗီအက်စ်ပတ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ယခုနှစ်ကုန်အထိ အနားယူရဖွယ်ရှိ

ဘာစီလိုနာ အောက်တိုဘာ ၂၈

ဘာစီလိုနာအသင်း နောက်ခံကစားသမား ဇာဗီအက်စ်ပတ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ယခုနှစ်ကုန်အထိ အနားယူရဖွယ်ရှိနေသည်။ **(အောက်ပုံ)**

အဆိုပါ နောက်ခံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဇာဗီအက်စ်ပတ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘာစီလိုနာအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ကိုး ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(NGB)**

လိဂ်ဗလား စတုတ္ထအဆင့် ဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်
၃၀-၁၀-၂၀၂၆ နံနက် ၀း၁၅ နာရီ	အဲတာတန် - နယူးကာဆယ်

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃၀-၁၀-၂၀၂၆ နံနက် ၀း၀၀ နာရီ	ဗလိုဒိုလိုဒ် - လက်ချီ	ဗလိုဒိုလိုဒ် ၁-၁ လက်ချီ လက်ချီ ၂-၁ ဗလိုဒိုလိုဒ်
၃၀-၁၀-၂၀၂၆ နံနက် ၀း၁၅ နာရီ	ဗီအိုရင်တီးနား - အတ္တလန္တာ	ဗီအိုရင်တီးနား ၁-၁ အတ္တလန္တာ အတ္တလန္တာ ၂-၀ ဗီအိုရင်တီးနား

မန္တလေးတက္ကသိုလ်ဆရာဆရာမကြီးများ ကျန်းမာရေးထောက်ပံ့မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

မန္တလေး အောက်တိုဘာ ၂၈


မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးထောက်ပံ့မှုကော်မတီက ဌာနအသီးသီးမှ တင်ပြလာသော ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသော ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးထောက်ပံ့ကူညီပေးလျက်ရှိသည်။



မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာမကြီး မြန်မာစာဌာနမှ ပါမောက္ခ(ငြိမ်း) ဒေါ်လှမြတ်သည် အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ဆေးကုသမှုကို နန်းတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေရသဖြင့် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းနှင့် အဖွဲ့ဝင်များက ကျန်းမာရေးမေးမြန်းအားပေးစကားပြောကြား၍ ကျန်းမာရေးထောက်ပံ့ ငွေကျပ် ငါးသိန်း ပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးထောက်ပံ့မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သော ၂၀၁၉ ခုနှစ် မေ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်အထိ ဆရာ၊ ဆရာမကြီး ၄၂၈ ဦး အား ငွေကျပ် ၁၀၁၅ သိန်း ဂါရဝပြုထောက်ပံ့ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)



ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ပထမနှစ် ပထမအစမ်းစာမေးပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ကြီးမှူးဖွင့်လှစ်သော မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ကျောင်းအုပ်ဆရာတော်နှင့် ကထိကဆရာတော်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သင်တန်းအမှတ်စဉ်(၂၀) ပထမနှစ် ပထမ အစမ်းစာမေးပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက စတင်ကာ အဆိုပါသင်တန်းကျောင်းရှိ စာသင်ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်က သင်တန်းသားသံဃာတော်များအား ရိုးသားကြိုးစား၍ စာမေးပွဲ ဖြေဆိုကြရန် သြဝါဒ ကထာမြွက်ကြားပြီး သင်တန်းအမှတ်စဉ်(၂၀) သင်တန်းသံဃာတော် ၆၃ ပါးတို့က ပြဋ္ဌာန်းဘာသာရပ် ၁၂ ရပ်ကို တစ်ရက်လျှင် နှစ်ဘာသာဖြင့် ပထမအစမ်းစာမေးပွဲကို ခြောက်ရက်တိုင်တိုင် ဝင်ရောက် ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲကိုသင်တန်းကျောင်း ဥပဇ္ဈာမှုကအဖွဲ့က လိုအပ်သည်များကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ) PNT**

MWEA (၁၀)နှစ်ပြည့် အထိမ်းအမှတ် မြန်မာရင်ဖုံးချုပ်လုပ်ပြိုင်ပွဲ ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၈

မြန်မာအမျိုးသမီးလုပ်ငန်းရှင်များအသင်း (MWEA)၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "တူယှဉ်ဆင်ခွဲ မြန်မာ့ဟန်ချုပ်လုပ်ပြိုင်ပွဲ"ကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာရင်ဖုံးကို ကိုယ်တိုင် Pattern ညှပ်ခြင်း၊ ချုပ်တွဲခြင်း တို့မှစ၍ အစအဆုံး ကျွမ်းကျင်ပိုင်နိုင်စွာ ချုပ်လုပ်နိုင်သည့် အသက် ၃၅ နှစ်နှင့်အောက် အမျိုးသမီးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး သတ်မှတ်ချိန် ၃ နာရီအတွင်း မြန်မာရင်ဖုံးတစ်ထည်ကို အစအဆုံး ချုပ်လုပ်ပြသရမည် ဖြစ်သည်။ **(ယာပုံ)**



ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ် ငါးသိန်းစီကို ဆုနှစ်ဆု ချီးမြှင့်သွားမည်ဖြစ်ရာ မြန်မာ့ရိုးရာ ဝတ်စုံချုပ်လုပ်မှုကျွမ်းကျင်သူများအနေဖြင့် မိမိတို့၏ အရည်အချင်းနှင့် လက်ရာများကို ပြသနိုင်မည့် အခွင့်အရေးတစ်ရပ် ဖြစ်သည်။

ပြိုင်ပွဲဝင်ရန် လျှောက်လွှာများကို မန္တလေးမြို့၊ ၇၃လမ်း၊ ၂၇ လမ်းနှင့် ၂၈လမ်းကြားရှိ MWEA (MDY)အသင်းရုံးတွင် ထုတ်ယူ တင်သွင်းနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ ၂၀၂၆ ခုနှစ်၊ နိဝင်ဘာ ၅ ရက် ဖြစ်သည်။ လျှောက်လွှာလက်ခံနေသေးခြင်း ရှိ၊ မရှိကို အသင်းရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

သန့်ရှင်းသောရေများ ပူလုံစွာ ရရှိစေရန်အတွက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ကျိုင်းတုံ အောက်တိုဘာ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှုမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် ပွေပုံကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများမှ အဆိုပါ ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးရာ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ပွေပုံကျေးရွာတွင် အရှည် ၅ မိုင် ၄ ဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၈၆ ဒသမ ၄၃၃ သန်းဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းကာ ယခုနှစ် ဧပြီလင်း တတိယအပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေး ဖူလုံစွာရရှိသုံးစွဲနိုင်တော့မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝနှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)
မောင်နိုင်



MAI လေကြောင်းလိုင်း နိဝင်ဘာ ၁ ရက်မှ စတင်၍ ခရီးသည်များ၏ အိတ်သယ်ယူခွင့် စည်းမျဉ်းသစ် ပြောင်းလဲသတ်မှတ်မည်

မန္တလေး အောက်တိုဘာ ၂၈

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) အနေဖြင့် လာမည့် နိဝင်ဘာ ၁ ရက်မှ စတင်ကာ ခရီးသည်များ၏ မှတ်ပုံတင်အပ်နှံသည့် ခရီးဆောင်အိတ် (Checked Baggage) သယ်ယူခွင့်ဆိုင်ရာ စည်းမျဉ်းသစ်များကို စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ စည်းမျဉ်းသစ်အရ ခရီးသည်များ၏ ခရီးစဉ်အတန်းအစားအလိုက် အိတ်သယ်ယူခွင့်ကို သတ်မှတ်ထားပြီး Economy Class (20 Kg) လက်မှတ်ဖြင့် ခရီးသွားသူများအနေဖြင့် အိတ်တစ်လုံး၊ Economy Class (30 Kg) လက်မှတ်ဖြင့် ခရီးသွားသူများအနေဖြင့် အိတ်နှစ်လုံးအထိ နှင့် Business Class (40 Kg) လက်မှတ်ဖြင့် ခရီးသွားသူများအနေဖြင့် အိတ်နှစ်လုံးအထိ သယ်ယူခွင့်ရရှိမည်ဖြစ်သည်။

MAI လေကြောင်းလိုင်းက ခရီးသည်များ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် လုံခြုံစိတ်ချရသည့် ခရီးစဉ်များဖြစ်စေရန် ရည်ရွယ်၍ Checked Baggage သယ်ယူခွင့်ဆိုင်ရာ စည်းမျဉ်းသစ်များကို သတ်မှတ်လိုက်လြှင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ထို့အပြင် ခရီးသည်အားလုံး၏ ဘေးကင်းလုံခြုံရေးနှင့် လေကြောင်းဘေးကင်းလုံခြုံမှုဆိုင်ရာ စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိသည့်အပြင် သဲသယဖြစ်ဖွယ်ရှိသော Checked Baggage များကိုလည်း လက်ခံသယ်ဆောင်ပေးမည်မဟုတ်ကြောင်း MAI လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ MAI လေကြောင်းလိုင်းဖြင့် ခရီးသွားမည့်သူများ အနေဖြင့် နိဝင်ဘာ ၁ ရက်မှ စတင်ကျင့်သုံးမည့် အိတ်သယ်ယူခွင့် စည်းမျဉ်းသစ်များနှင့် ပတ်သက်၍ မိမိတို့ ဝယ်ယူထားသည့် လက်မှတ်အမျိုးအစားအလိုက် ခွင့်ပြုချက်များကို ကြိုတင်စုံစမ်းစစ်ဆေးထားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း



(၂၆၄)ကြိမ်မြောက် ပိတောက်ချောင်ကထိန် ရေစက်ချလှူဒါန်းပွဲ ကျင်းပ

စစ်ကိုင်း အောက်တိုဘာ ၂၈

(၂၆၄)ကြိမ်မြောက် ပိတောက်ချောင်ကထိန် ရေစက်ချလှူဒါန်းပွဲကို အောက်တိုဘာ ၂၇ ရက်နှင့်ကိုင်းက စစ်ကိုင်းတောင်ရိုးရှိ ပိတောက်ချောင်၌ ကျင်းပခဲ့သည်။

ကထိန်ရေစက်ချပွဲသို့ ပိတောက်ချောင် ကထိန်ကော်မတီ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကထိန်အလှူရှင်များ၊ ဆွမ်းနှင့် ခဲဖွယ်ဘောဇဉ် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပိတောက်ချောင် ပဝါရဏာဂိုဏ်း နာယကဆရာတော်က ကထိန်အနုမောဒနာ တရားချီးမြှင့်တော်မူပြီး ကြွရောက်လာကြသည့် ပဝါရဏာဂိုဏ်းဝင် ရဟန်း၊ သာမဏေများအား ကထိန်သင်္ကန်း၊ ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ပလိပ်မြို့ ရပ်ကွက်အသီးသီးမှ လှူဒါန်းသည့် ပဒေသာပင်များကို သီတင်းကျွတ်လဆန်း ၁၃ ရက်တွင် ပလိပ်မြို့ရှိ ပိတောက်ချောင် ရွေဝါဓမ္မာရုံ၌ ခင်းကျင်းပြသခဲ့ပြီး သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ကထိန်ခင်းမည့် ပိတောက်ချောင်သို့ လှူဖွယ်ပစ္စည်းများ ပို့ဆောင်ခဲ့ကြသည်။

ပလိပ်မြို့မှ စစ်ကိုင်းတောင်ရိုးရှိ ပိတောက်ချောင်သို့ ကထိန်ခင်းလှူဒါန်းသည့် အစဉ်အလာမှာ အင်းဝခေတ်၊ မြန်မာသက္ကရာဇ် ၁၁၅၅ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်မပျက် ဆက်လက်ကျင်းပလှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

--*-*-*-*-*

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ကျုံးဘေးနှင့် ကျောက်တော်ကြီးဘုရားပွဲ၌ လာရောက်လည်ပတ်သူများဖြင့် စည်ကား

မန္တလေး အောက်တိုဘာ ၂၈

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် မန္တလေးမြို့ရှိ ကျုံးဘေးတစ်လျှောက်နှင့် ကျောက်တော်ကြီးဘုရားပွဲတို့၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့ မတိုင်မီကတည်းက ၂၆လမ်း၊ ၆၆လမ်းမှ ၇၃လမ်းကြားတစ်လျှောက်တွင် ရောင်စုံမီးအလှများ အလှဆင်ထား၍ အပန်းဖြေလည်ပတ်သူများဖြင့် စတင်စည်ကားခဲ့သည်။ သီတင်းကျွတ်လပြည့်နေ့ ညဉ့်ပိုင်းတွင်လည်း ဖျော်ဖြေရေးအစီအစဉ်များနှင့် စတုဒိသာကျွေးမွေးလှူဒါန်းမှုများဖြင့် ပွဲတော်ကို ကျင်းပခဲ့ပြီး ရောင်စုံမီးအလှများ ထွန်းညှိထားသည့် ၂၆လမ်းနှင့် ၆၆လမ်းရှိ ကျုံးဘေးတစ်လျှောက် အပန်းဖြေနေရာများအပြင် ကျောက်တော်ကြီးဘုရားပွဲ၌ပါ လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

--*-*-*-*-*





ဘဏ္ဍာနှစ်ဝက်အတွင်း FDI ဝင်ရောက်မှု ဒေါ်လာ ၄၃၃ သန်းကျော် ရှိ

မန္တလေး အောက်တိုဘာ ၂၈

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမ ခြောက်လအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဝင်ရောက်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၃ ဒသမ ဝ၇၉ သန်း ရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

အဆိုပါ ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်လေးခု ဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းများ အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၃ ဒသမ ဝ၇၉ သန်း ရှိခဲ့ခြင်း ဖြစ်သည်။

ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုများတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ လုပ်ငန်းနှစ်ခု၊ ရေနှုန်း သဘာဝဓာတ်ငွေ့ကဏ္ဍ၌ လုပ်ငန်းတစ်ခုနှင့် အိမ်ခြံမြေကဏ္ဍ၌ လုပ်ငန်းတစ်ခု ပါဝင်သည်။



မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ဇူလိုင်လကုန်အထိ နိုင်ငံနှင့် ဒေသပေါင်း ၄၈ ခုမှ ရင်းနှီးမြှုပ်နှံထားပြီး ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်ထားသည့် နိုင်ငံနှင့် ဒေသများမှာ စင်ကာပူ၊ တရုတ်နိုင်ငံနှင့် တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတို့ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အချက်အလက်များအရ သိရသည်။

(ဝဲပုံ)

ရွှေမန်း

အမြန်လမ်းပေါ် ကုန်တင်ဆောင်သည့် Express ယာဉ်များ အမြန်လမ်းအသုံးပြုခွင့် ရုပ်သိမ်းခံရနိုင်

မန္တလေး အောက်တိုဘာ ၂၈

အဝေးပြေးခရီးသည်တင် Express ယာဉ်များအနေဖြင့် ခရီးသည်များ၏ ပစ္စည်းများမှအပ အခြားကုန်ပစ္စည်းများ တင်ဆောင်ခြင်းမပြုရန်နှင့် ကုန်တင်ဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိပါက အမြန်လမ်းမကြီးများ ဥပဒေအရ အရေးယူခံရနိုင်သည့်အပြင် အမြန်လမ်းအသုံးပြုခွင့်ပါ ရုပ်သိမ်းခံရနိုင်ကြောင်း အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က သတိပေးထားသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ရာသီဥတုပျက်ပြားလာနိုင်ပြီး အမြန်လမ်းမကြီး၏ မျက်နှာပြင်အပူချိန် မြင့်တက်လာနိုင်သဖြင့် အမြန်လမ်းမကြီးကို အသုံးမပြုမီ ယာဉ်ကြွခိုင်မှုကို သေချာစွာ စစ်ဆေးကြရန်လည်း အသိပေးထားသည်။

ခရီးသည်တင် Express ယာဉ်များအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)က သတ်မှတ်ထားသည့် ခရီးသည်ဦးရေအတိုင်းသာ တင်ဆောင်ရန်နှင့် တာယာ၊ ဘရိတ်နှင့် အောက်ပိုင်းစနစ်များကို ပုံမှန်စစ်ဆေးထိန်းသိမ်းရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ ယာဉ်တွင် ကုန်ပစ္စည်းများ တင်ဆောင်ခြင်းကြောင့် ဝန်ပိုလာပါက ဘီးပေါက်ခြင်း၊ ဘရိတ်မဖိခြင်းနှင့် ယာဉ်တိမ်းမှောက်ခြင်းတို့ ဖြစ်ပွားနိုင်ကြောင်းလည်း သတိပေးထားသည်။

ထို့အပြင် ယာဉ်ထုတ်လုပ်သူ သတ်မှတ်ထားသည့် လေပေါင်အတိုင်း တာယာလေဖိအားကို မှန်ကန်စွာ ဖြည့်ထားရန်နှင့် တာယာပန်းအထူသည် သတ်မှတ်ချက်နှင့်ကိုက်ညီပြီး ရာဘာအရည်အသွေးကောင်းမွန်နေရန် လိုအပ်ကြောင်း အသိပေးထားသည်။

အမြန်လမ်းမကြီးသို့ မဝင်ရောက်မီ တာယာ၊ အချက်ပြမီး၊ ဘရိတ်စနစ်၊ ဆိုင်းထိန်းစနစ်နှင့် ရေသုတ်တံ(ဝိုက်ပါ) အပါအဝင် ယာဉ်မောင်းနှင်မှုဆိုင်ရာ စနစ်များကြံ့ခိုင်ကောင်းမွန်မှုရှိစေရန် ကြိုတင်စစ်ဆေးထားရန်လည်း တိုက်တွန်းထားသည်။ **(အောက်ပုံ)**

အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားသည့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုနှင့် မီးလောင်မှုများသည် ယာဉ်မောင်းအိပ်ငိုက်ခြင်း၊ သက်တမ်းလွန်တာယာ ပေါက်ကွဲခြင်း၊ တာယာပန်းမရှိ၍ လမ်းချော်ခြင်းနှင့် ဘရိတ်စနစ်ချို့ယွင်းခြင်း တို့ကြောင့် ဖြစ်ပွားလေ့ရှိကြောင်း အဆိုပါအဖွဲ့၏ သတိပေးနှိုးဆော်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ရွှေမန်း



စပါးမျိုးသစ် ၁၆ မျိုး သရုပ်ပြစိုက်ပျိုးထားပြီး ၂၀၂၇ ခုနှစ် နွေရာသီတွင် တောင်သူများနှင့်ပူးပေါင်း မျိုးရွေးချယ်မည်

မန္တလေး အောက်တိုဘာ ၂၈

ဒေသရေမြေအခြေအနေနှင့် ကိုက်ညီသည့် စပါးမျိုးသစ်များကို တောင်သူများ သိရှိအသုံးပြုနိုင်ရေးအတွက် စပါးမျိုးသစ် ၁၆ မျိုးကို သရုပ်ပြစမ်းသပ်စိုက်ပျိုးထားပြီး လက်ရှိတွင် ရင့်မှည့်ချိန် သို့ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါ စပါးမျိုးသစ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးစီးပွား၊ စိုက်ပျိုးမွေးမြူရေးစနစ်နှင့် နည်းပညာပြန့်ပွားရေးသုတေသနဌာနခွဲအောက်ရှိ သီးနှံမျိုးစေ့သုတေသနနှင့် မျိုးပွားများရေးသုတေသနဌာနတို့က ဆောင်ရွက်ထားခြင်းဖြစ်သည်။

ဆည်ရေသောက်နှင့် မိုးရေသောက်ဒေသများတွင် စိုက်ပျိုးရန် သက်တမ်းတိုဆင်းသုခ၊ ရွှေရီတိုး၊ ဝိုင်အာအာ(၁၂)၊ ဝိုင်ကေကြူအာ(၀၁)၊ ဝိုင်ကြူအာ(၁၁)နှင့် ဝိုင်အမ်အာ(၂၀) စသည့် စပါးမျိုးသစ်ခြောက်မျိုးကို သရုပ်ပြစိုက်ပျိုးထားသည်။

ထို့အပြင် ရေကြီးကွင်းဒေသ၊ မိုးနည်းရေရှားဒေသ၊ ပင်လယ်ဆားငန်ရေနှင့် ကုန်းတွင်းဆားပေါက်ဒေသများအတွက် ရေမြှုပ်ခံ၊ ဆားငန်ခံ၊ ရေအနည်းလိုနှင့် အခြားဒေသနှင့် ကိုက်ညီသည့် စပါးမျိုးသစ်များကိုလည်း သရုပ်ပြစမ်းသပ်စိုက်ပျိုးထားသည်။

အဆိုပါ စပါးမျိုးသစ်များ ရင့်မှည့်လာပြီဖြစ်သည့်အတွက် လာမည့် ၂၀၂၇ ခုနှစ် နွေရာသီတွင် သက်ဆိုင်ရာ ဒေသများရှိ တောင်သူစိုက်ခင်းများ၌ တောင်သူများနှင့်ပူးပေါင်း၍ မျိုးမွေးမြူခြင်းနှင့် မျိုးရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း

ကျေးရွာ သစ်တော၊
ထင်းမျော အိမ်တိုင်
လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့ ။

မနိုင်ဝန်အားကြောင့် ဖြစ်ပွားသော လျှပ်စစ်မီးဘေးအန္တရာယ်မှ ကာကွယ်ခြင်း

လွန်ခဲ့သော လေးနှစ်ခန့်က ယခုလိုပူပြင်းချိန်၌ ဖြစ်ပွားခဲ့သည့် အလုံပင်မဓာတ်အားခွဲရုံမှ ထရန်စဖော်မာကြီး မီးလောင်ကျွမ်းခဲ့ရသည့်ဖြစ်စဉ်အား အမှတ်ရကြလိမ့်ဦးမည်ဟု ထင်မြင်ယူဆမိပါသည်။ အကျိုးဆက်မှာ ရန်ကုန်မြို့နေ အများအပြားတွင် ရက်ရှည်မီးပျက်ခဲ့ခြင်းဖြစ်သည်။ မီးသုံးသူများအနေဖြင့်လည်း ထိုသို့မီးပျက်ခဲ့ကြသည့်ဒဏ်ကို ရက်ရှည်ခံစားဖူးသူတိုင်း ဖြစ်စဉ်ကို ပြန်လည်သိရှိပြီး အမှတ်ရကြလိမ့်ဦးမည် ဖြစ်ပါသည်။

ယခုလို ဝန်အားမနိုင်၍ မီးလောင်ကျွမ်းရသည့်ဖြစ်စဉ်များနောင်ထပ်မဖြစ်စေရေးအတွက် အောက်ပါအချက်များ လိုက်နာသင့်ပါသည်-

(၁) လျှပ်စစ်မီး စလာသည့်အချိန်တွင် ဝန်အားများကို စုပြုံပြီး မသုံးစွဲသင့်ပါ။(အရေးကြီးဆုံးအချက်ဖြစ်ပါသည်)

(၂) လျှပ်စစ်မီးလာသည်နှင့် ခဏနေလျှင် ပြန်ပြတ်ပြီး ဆိုလျှင်လိုသည်ထက်ပိုသည့် မီးသုံးမှုကြောင့် ပြန်ပြတ်သည် ဆိုသည်ကို လုံးဝနားလည်ပြီး သိရှိနေရပါမည်။

(၃) ရာသီဥတုအပူနှင့် ဝန်ပိုကြောင့်ဖြစ်သည့်အပူများကြောင့် ယခုလို ပူပြင်းကာလများအတွင်း ဝန်အားမနိုင်ခြင်း ဖြစ်စေတတ်သည်ကို လုံးဝသိရှိပြီး လျှော့ချသုံးစွဲရပါမည်။

(၄) မလိုအပ်သည့်ဝန်အားများအားလုံးဝလျှော့ချပါ။

(ဥပမာ-ညအိပ်လျှင် လေအေးပေးစက်အား ၂၄၊ ၂၅ လောက် သာထားပါ။

(၅) ဓာတ်အားချွေတာပြီး ဓာတ်အားခသက်သာစေပြီး စွမ်းဆောင်ရည် ပိုမိုမြင့်မားသည့်ပစ္စည်းများ ပြောင်းလဲအသုံးပြုပါ။

(ဥပမာ LED မီးလုံးများ၊ အင်ဗာတာအမျိုးအစား လေအေးပေးစက်များ)

လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်မှုကျဆင်းလာပြီး သုံးစွဲလိုမှုဝန်အားသည် မြင့်တက်လာပါက စနစ်ကြီးတစ်ခုလုံး ဆိုင်းသွားအောင် အရေးပေါ် ဝန်အားလျှော့ပေးရခြင်းကို မဖြစ်မနေဆောင်ရွက်ရလေ့ရှိပါသည်။ LDC-Load dispatch Center (ဓာတ်အားထိန်းချုပ်ဌာန)က ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရသော ဝန်အားလျှော့ခြင်းဖြစ်၍ လျှပ်စစ်ဌာနဝန်ထမ်းများက LDC ဟု အတိုကောက်ခေါ်ပေါ်သုံးစွဲလေ့ရှိကြပါသည်။ 'မည်သည့်အတွက် မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကျဆင်းလာနေရပါသလဲဟု' ဆိုပါက အကြောင်းအမျိုးမျိုးကြောင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ စက်ရုံများ ထိခိုက်ပျက်စီးခြင်းများ ရှိလာသောကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု လျော့နည်းလာခြင်း၊ ရေလှောင်တမံများတွင် ရာသီဥတုဖောက်ပြန်ခြင်းနှင့် အပူလွန်ကဲခြင်းကြောင့် ရေလှောင်ကန်၏ ရေ level ကျဆင်းလာ သဘာဝဓာတ်ငွေ့ထွက်ရှိသော မြေပြင်နှင့် ကမ်းလွှဲရေနံမြေများတွင် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များ လျော့နည်းလာသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကျဆင်းလာခြင်း စသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် ထုတ်လုပ်နိုင်မှုစွမ်းအင်ထက် လျော့နည်းလျက် ယခင်ကာလများထက် ထက်ဝက်ခန့်ကိုသာ လျှပ်စစ်ဓာတ် ထုတ်လုပ်ပေးနိုင်တော့ကြောင်း သိရှိရပါသည်။

ထိုအခါ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို ဆောင်ရွက်နေသော ဌာနကြီးသုံးခုသည် အများပြည်သူ၊ ရုံး၊ ဌာနဆိုင်ရာနှင့် မြို့ပြကျေးရွာ စက်မှုဇုန်များ ဓာတ်အားကို အလှည့်ကျရပ်ရှိ စေရန်အတွက် တစ်နိုင်လုံးနှင့်ခြံ၍ အရေးပေါ်ဝန်အားလျှော့ခြင်းကို မဖြစ်မနေ ကျင့်သုံးလာကြရပေသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာန တစ်ခုစီတိုင်းတွင်လည်း ဓာတ်အားထိန်းချုပ်မှုစနစ်တစ်ခုစီ ရှိကြပါသည်။ ၁၉၈၆ ခုနှစ်မတိုင်မီကတည်းက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသော ဌာနတစ်ခုတည်း ရှိစဉ်ကပင် အဆိုပါ ထိန်းချုပ်မှုစနစ်များကို စတင်အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။ ထိုစဉ်က လျှပ်စစ်ရုံးချုပ်ရှိရာ အလုံမြို့နယ်၌ Line Distibution Centre(L.D.C) ဟုခေါ်သော လျှပ်စစ်ဓာတ်အားကွပ်ကဲမှုဌာနဆိုသည်မှာရှိခဲ့ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများမှ ဓာတ်အားကိုကွပ်ကဲထိန်းချုပ်၍ လျှပ်စစ်မီးပေးခြင်းစနစ်ကို တာဝန်ခံအင်ဂျင်နီယာအရာရှိကြီးတစ်ဦးမှ တာဝန်ယူ၍ ဓာတ်အားကို ကွပ်ကဲထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆိုလိုသည်မှာ တစ်နိုင်ငံလုံး အလှည့်ကျ ဓာတ်အားရရှိနိုင်ရေးအတွက် စက်ရုံမူး၊ ခွဲရုံမူး၊ တိုင်း၊ ပြည်နယ်၊ မြို့နယ်အင်ဂျင်နီယာများနှင့် အဆိုပါဌာနတို့ တရားဝင်ညှိနှိုင်းပြီး အလှည့်ကျ မီးရရှိနိုင်ရေး ဆောင်ရွက်လာခဲ့ရသည်မှာ ယနေ့အထိပင် ဖြစ်ပါသည်။ ရုံးချုပ်အားလုံး နေပြည်တော်သို့ ပြောင်းရွှေ့ပြီး နောက်ပိုင်းတွင်လည်း ဓာတ်အားကွပ်ကဲရေးဌာနမှ တစ်နိုင်ငံလုံးသို့ အလှည့်ကျဓာတ်အားပေးသည့်စနစ်ကို ခေတ်မီနိုင်ငံတော်ဖြစ်လာသည်နှင့်အညီ ကွန်ပျူတာများဖြင့် ထိန်းချုပ်မောင်းနှင် ဆောင်ရွက်ခဲ့သည်အထိ တွင်ကျယ်လာခဲ့ပါသည်။ ဥပမာပေးရလျှင် ပဲခူးမြို့သည် ၁၄ မဂ္ဂါဝပ်ထက် ပိုမသုံးရဟု သတ်မှတ်ထားသည် ဆိုပါစို့။ ပဲခူးမြို့အနေဖြင့် သတ်မှတ်ပမာဏထက်ကျော်လွန် သုံးစွဲနေပါက လျှပ်စစ်ထိန်းချုပ်သည့် ကွန်ပျူတာတွင် ပဲခူးမြို့၏ သုံးစွဲမှုမှာ သတ်မှတ်ချက် ၁၄ မဂ္ဂါဝပ် ထက် ပိုနေကြောင်း ပေါ်လာပြီး ၁၈ မဂ္ဂါဝပ် အသုံးပြုနေလျှင် သတ်မှတ်ချက်ထက် ၄ မဂ္ဂါဝပ် ပိုသုံးနေကြောင်း အချက်ပေးဖော်ပြလာပါမည်။ ထိုအခါကွန်ပျူတာအား ထိန်းချုပ်သော အင်ဂျင်နီယာက ဝန်အားချက်ချင်းလျှော့ချပေးရန် သက်ဆိုင်ရာ ပဲခူးတာဝန်ခံသို့ အကြောင်းကြားရပါသည်။ အကယ်၍ ပဲခူးမှအချိန်မီ မလျှော့ချနိုင်ခဲ့ပါက ကွန်ပျူတာမှ Auto ဖြတ်ချလိုက်လျှင် ပဲခူးမြို့ တစ်မြို့လုံးသာမက တိုင်းတစ်တိုင်းလုံး မီးမှောင်သွားမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပဲခူးမြို့သည် လျှပ်စစ်မီးရနေမည်ဆိုသည့်သဘောပင် ဖြစ်ပါသည်။ သတ်မှတ်ချက် ၁၄ မဂ္ဂါဝပ်အတွင်း၌သာ သုံးစွဲနေပါက ဝန်အားကို မီးသုံးသူများက မီးလာချိန်တွင် မူလထက် ပိုမို အသုံးပြုလာ၍ အပိုင်းလိုက် ထိုသို့အလှည့်ကျ ဓာတ်အားပေးခြင်းဖြင့် မလျှော့ချနိုင်ခဲ့ပါက System Breakdown ဓာတ်အားပြတ်တောက်သွားနိုင်သည်ကလည်း အရေးပေါ်ဝန်အားလျှော့ရခြင်း၏ အဓိကအချက်တစ်ခုအဖြစ် သတိပြုနိုင်ကြရန် ဖြစ်ပါသည်။ ဤနေရာတွင် နောက်တစ်ချက် ဖြစ်နိုင်ချေရှိသည်မှာ မိမိ၏ရပ်ကွက်မှာ တစ်နေ့လုံး မီးမလာသော အချိန်တစ်ခုပု ဆိုကြပါစို့။ မီးသုံးစွဲသူများအားလုံးသည် 'ဒီတစ်ခါမီးလာရင် ရေတင်မယ်။ (မြင်းကောင်ရေ နှစ်ကောင်ခန့် အားရှိပါမည်) အဲယားကွန်း သုံးလုံး ဖွင့်မယ်။ (လေး၊ ငါး ကောင်ခန့် ရှိပါမည်) ထမင်းအိုးတည်မယ်။ (၁၂၀၀ ဝပ် ရှိပါမည်) မီးပူတိုက်မယ်။ (၁၀၀၀ ဝပ် ရှိပါမည်) ရေခဲသေတ္တာ နှစ်လုံး ဖွင့်ပါမယ်။ (၁၆ ဝပ် ရှိပါမည်)။' စုစုပေါင်း ဝပ် ၈၀၀၀ ခန့်ကို မီးလာရင် သုံးမည်ဟု ရည်ရွယ်ပြီး ခလုတ်အားလုံးဖွင့်ထားပြီး မီးလာချိန်ကို ထိုင်စောင့်နေတတ်ကြပါသည်။ ထို့အတူ အခြားအိမ်များကလည်း ခလုပ်အားလုံးဖွင့်၍ ထိုင်စောင့်နေကြသည် ဆိုပါစို့။ ထိုအချိန်တွင် လျှပ်စစ်ခွဲရုံမှ မီးလွတ်လိုက်သည့်အခါ မီးသုံးစွဲသူအားလုံးက အနည်းဆုံး ၈၀၀၀ ဝပ်ခန့်စီ အိမ်တိုင်း သုံးစွဲနေသဖြင့် အဆိုပါရုပ်ကွက်ကို ဓာတ်အားပေးထားသော feeder သည် 800 A ထက် ကျော်လာသည်နှင့် overload ဖြစ်နေ၍ Auto ဖြတ်ချလိုက်မည်ဖြစ်သည်။ ထိုအခါ အခုလေးတင် မီးလာပြီး အခုလေးတင် မီးပျက်သွားသည်ဟူသော massage သည် မီးသုံးသူများ၏ အသိတွင် စွဲမြဲသွားစေပါတော့သည်။ အကယ်၍ ခွဲရုံမှ လျှပ်စစ်ဝန်ထမ်းများသည် ခလုတ် Auto ပြုတ်ကျလျှင် များသောအားဖြင့် One Try ဟုခေါ်သော စမ်းသပ်သည့်အနေဖြင့် ဘရေကာကို ပြန်တင်ပေးတတ်ကြပါသည်။ ထိုအခါ 800A မကျော်လွန်တော့လျှင် မီးသုံးသူများ ဓာတ်အားဆက်လက်သုံးစွဲခွင့် ရရှိနိုင်ပေသည်။ အကယ်၍ ဘရိုက်ကာ ချို့ယွင်းခြင်းများ၊ Protection ပစ္စည်းများ ချို့ယွင်းခြင်းမျိုးဖြစ်လျှင် ထရန်စဖော်မာကြီးများ လောင်သွားမည်ဖြစ်သည့် အထက်ပါအလုံခွဲရုံဖြစ်စဉ်သည် Protection ပစ္စည်းများ ချို့ယွင်းပြီး ဓာတ်အားဖြတ်တောက်မှု မလုပ်သဖြင့် ထရန်စဖော်မာအထိ လောင်သွားခြင်းဖြစ်ပါသည်။ အကြံပြုလိုသည်မှာ မီးပျက်နေချိန်တွင် အိမ်ရှိ အသုံးမလိုသေးသော လျှပ်စစ်ပစ္စည်းများကို အားလုံးမဖွင့်ဘဲ ရေလိုအပ်နေလျှင် ရေမော်တာတစ်ခုပဲ မောင်းကြပါရန်၊ ရေပြည့်မှ နောက်မီးပူတိုက်ရန် ပြီးမှ လိုအပ်သောနေရာမှ Aircon ကိုဖွင့်ရန် မိမိတစ်အိမ်တည်းမဟုတ်ဘဲ အိမ်တိုင်းအိမ်တိုင်း မီးအားလုံးကို ပြိုင်တူမဖွင့်ကြခြင်းဖြင့် မီးခဏခဏလာပြီး ပြန်ပျက်ခြင်းမှ ကာကွယ်နိုင်ပါသည်။ပြန်တင်၍ မရတော့ပါက အချိန်ကာလတစ်ခုအထိ အဆိုပါရုပ်ကွက်အား အရေးပေါ်ဝန်အား လျှော့ထားတတ်ပါသည်။ ကာတွန်းရုပ်ပြောင်များတွင် ဖော်ပြနေသလို TitTok များတွင် လုပ်ပြနေကြသလို လက်ယား၍ မီးပေးသည့်ခလုတ်အား ဖွင့်လိုက်၊ ပိတ်လိုက် လုပ်နေခြင်းမျိုး မဟုတ်သည်ကို ပြည်သူများမှ ရှင်းလင်းစွာ သိရှိနားလည်ထားကြရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်၍ မရစေရန်လည်း တာဝန်ခံအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြပါသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနများမှ လျှပ်စစ်လုပ်သားများသည် ပြည်သူလူထု လျှပ်စစ်မီးများ သတ်မှတ်ချိန်အမှန်ရရှိရေး ကြိုးစားဆောင်ရွက်နေကြသော်လည်း ဆောင်ရွက်ရာတွင် အခက်အခဲမျိုးစုံရှိနိုင်သဖြင့် ခေတ္တဓာတ်အားပြတ်တောက်မှုများအား စာနာနားလည်ပေးကြစေလိုပါသည်။ Load Dispatch Centre(LDC) ဟုခေါ်သော ဓာတ်အားထိန်းချုပ်ဌာနတစ်ခုတွင် အလုပ်လုပ်ကြရပုံကိုလည်း မြင်သာအောင် အနည်းငယ် ရှင်းပြလိုပါသည်။ LDC တွင် Shift (A,B,C,D)အဖွဲ့ လေးဖွဲ့နဲ့ လည်ပတ်နေကြပါသည်။ Shift ဆင်းရသည့်သူများသည် Day တစ်ရက်၊ Night တစ်ရက် ဆင်းရပြီး၊ Night duty ထွက်သည့်ရက်နှင့် နောက်တစ်ရက်၊ နှစ်ရက်အနားရကြပါသည်။

သို့သော် နားရက်ကိုတော့ တိတိကျကျ သတ်မှတ်ထား၍ မရပါ။ စနေ၊ တနင်္ဂနွေ ယခုတစ်ပတ် နားရက်ကြဲသော်လည်း နောက်တစ်ပတ်တွင် ကြဲချင်မှကြဲတတ်ပြန်၏။ နှစ်ရက်ဆင်း၊ နှစ်ရက်နား စုစုပေါင်း (၄)ရက်အတွက် စုစုပေါင်း ၂၄ နာရီ အလုပ် လုပ်ချိန်ဖြစ်ပြီး ပုံမှန် ရုံးချိန်ကဲ့သို့ အလုပ်လုပ်ရခြင်းမျိုး မဟုတ်ဘဲ နေ့နှင့်ညအလှည့်ကျ တာဝန်ထမ်းဆောင်ကြရပါသည်။ အစိုးရရုံးပိတ်ရက်များအတွက်လည်း ပိတ်ရက်သီးသန့်မရှိပါ။ အခါကြီးရက်ကြီးများလည်း Duty ကျလျှင် ကျနေတတ်ပါသည်။ Duty ဝင်သည်နှင့်တစ်ပြိုင်နက် တစ်နာရီတစ်ကြိမ် Data များကောက်ယူရပါသည်။ စက်ရုံတစ်ရုံချင်းစီ၏ နာရီအလိုက် Generation ကို ကောက်ယူကြရပါသည်။ ရေအားစက်ရုံများအတွက် သက်ဆိုင်ရာခွဲရုံများသို့ စီးဝင်သည့် MW၊ Gas စက်ရုံများအတွက် တိုက်ရိုက်ကောက်ယူသည့် MW, MWhr, Pressure, Gas Flow ၊ ရန်ကုန်ရှိ 230 kV ခွဲရုံများ၏ Bus Voltage ၊ ရန်ကုန်ကို ဝင်လာသော။ ရန်ကုန်မှ ပြန်ထွက်သော Load Flow (MW) စသည်ဖြင့် များပြားလှသော Data များကို အချိန်နှင့်တစ်ပြေးညီ ကောက်ယူကြနေရခြင်း ဖြစ်ပါသည်။

နံနက်စောစောပိုင်းတွင် ထုတ်လုပ်မှုထိန်းချုပ်သည့်ဌာန GCC မှရေအားစက်ရုံများ၏ Water Level များကို mail ဖြင့် ပို့လာပါသည်။ Water Level တွင် တစ်နေ့ချင်းအလိုက် ရေဝင်၊ ရေထွက်၊ ထုတ်လုပ်နိုင်မှု Capacity အဖြင့်ဆုံး Water level အနိမ့်ဆုံး Water level စသည်များပါရှိ၏။ ထို့ကြောင့် Water level ကိုကြည့်ကာ ဘယ်စက်က minimum အောက်ရောက်နေလို့ ရေစုရမှာမို့ maximum အထက်ရောက်နေသော စက်ကိုတိုးပြီး မောင်းရမည် စသည်ဖြင့် စက်ဝင်၊ စက်ထွက်များအတွက် Support လုပ်ပေးရပါသည်။

စာမျက်နှာ-၁၇ သို့ ➤

သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေး ဟောပြော

လင်းခေး အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ ဟိုမိန်းမြို့ရပ်ကွက် (၂)အုပ်ချုပ်ရေးမှူးနေအိမ်၌ ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူးဌာနီးစီးမှုဖြင့် ဌာန



ဆိုင်ရာများပူးပေါင်းကာ ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ အုပ်ချုပ်ရေးမှူးဦးသူရအောင်က မြို့သန့်ရှင်းသာယာလှပရေးနှင့် မှဲ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ လက်တလော ဖြစ်ပေါ်နေသည့် အယ်လ်နီညိုအပူလွန်ကဲမှု သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အပူရှောင်စခန်းများ ဖွင့်လှစ်မည့်အခြေအနေနှင့် အမှိုက်ကင်းဝေးစေရေးနှင့် စံပြမြို့ဖြစ်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားပေးခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက မိမိတို့ လက်တလော လုပ်ဆောင်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အများပြည်သူများ ကျန်းမာပျော်ရွှင်စေရန်နှင့် ဘေးအန္တရာယ်ကင်းဝေးစေရန် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မီးဘေး၊ မူးယစ်ကင်းစင်စေရေးတို့ကို သက်ဆိုင်ရာအလိုက် ပြောကြားခဲ့ကြောင်း သိရသည်။ **(ဝဝံ)**

မြို့နယ်(ပြန်/ဆက်)

လူငယ်တွေစာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

ယင်းမာပင် အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေကြီး၊ ယင်းမာပင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူ (Book Club) အဖွဲ့ဝင်များ ပူးပေါင်း၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၂၃)၊ အမှတ်(၁၈)တွင် ပါဝင်သော စာရေးဆရာ ဒေါက်တာသန်းထွန်းရေးသားသည့် လူငယ်တွေစာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်အေး က တစ်ဦးနှင့်တစ်ဦး စာပေဗဟုသုတများ အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ရရှိစေရန်နှင့် စာဖတ်ရှုနိုးမြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်၍ လစဉ် စာဖတ်ပိုင်းများ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ (Book Club) အဖွဲ့ဝင် ဦးသန့်ဇင်အောင်က စာဖတ်သူနှင့် စာမဖတ်သူသည် အတွေးအခေါ်၊ အယူအဆ၊ လုပ်ကိုင်ကြပုံ၊ ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေးရာကျွမ်းကျင်မှုတို့ ကွာခြားကြောင်း၊ စာဖတ်ပါက ဦးနှောက်စွမ်းရည်နှင့် စဉ်းစားဆင်ခြင်ဉာဏ်တိုးတက်လာကြောင်း၊ စာဖတ်ခြင်းက ဦးနှောက်၏ စဉ်းစားဆင်ခြင်နိုင်စွမ်းကို မြှင့်တင်ပေးကြောင်း၊ ဒါကြောင့် လူငယ်များအနေဖြင့် စာများများဖတ်ဖို့ လိုကြောင်း ဦးဆောင်ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူ (Book Club)အဖွဲ့ဝင်များက ဆောင်ပါးပါ အကြောင်းအရာများအား ဖတ်ရှုခြင်းကြောင့်ရရှိသည့် မိမိတို့၏ အတွေးအမြင်နှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

ချောက် အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများပါဝင်သော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် အယ်လ်နီညိုကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်လူစည်ကားရာ လမ်းဆုံတွင် ဆောင်ရွက်ခဲ့သည်။

ထို့နောက် အယ်လ်နီညို ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ အပူဒဏ်မှကာကွယ်နိုင်ရန် အတွက် လိုက်နာရန်အချက်များ၊ အထူးသတိပြုရမည့် အပူဒဏ် အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊ ရှောင်ကြဉ်ရမည့်အချက်များပါ အသိပညာပေးလက်ကမ်းစာစောင်များအား လမ်းသွားလမ်းလာ ပြည်သူများသိရှိလိုက်နာဆောင်ရွက်စေရန် ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

--*-*-*-*





သစ်တော သစ်ပင်ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။



ဖတ်စရာ၊ မှတ်စရာ
ခုံလင်း ကြေးမုံ

သီတင်းကျွတ်လ ကောင်းခြင်းခ

* တူရာသီ ခေါ် သီတင်းကျွတ်မို့
ရောင်စုံညွှတ် လင်းထိန်သာ
မီးထွန်းပွဲပါ။
အသဝဏီ စန်းယုဉ်ကာ
နက္ခတ်ဖြာ လမြတ်ထူး။
ကျီးတာရာ ဝဋ္ဌာလွှမ်းကာပ
အေးချမ်းရွှင်မြူး။

* မိမာတ မြတ်ကျေးဇူးကိုဖြင့်
အောက်မေ့ကျူး သိမှတ်မြင်
မြတ်ဗုဒ္ဓအရှင်။
သံသရာလမ်းထက် မဂ်လမ်းထွင်
နိဗ္ဗာန်တွင် တည်စေခြား။
ဓမ္မစကြာ တရားမြတ်ကိုပ
ပေးဆပ်ဟောကြား။

* နတ်အပေါင်းနှင့် လူအများတို့
မေတ္တာပွား အေးမြစေ
ချမ်းသာအမှန်ပေ။
ရှင်သန်နေရ ဘဝလေ
ကောင်းခြင်းဝေ ပြည့်စုံလှ။
ဘုရား တရား သံဃာ ဦးတင်မှန်းကာပ
လှူဒါန်းပြုကြ။

* ဆရာများနှင့် မြတ်မိဘတို့
သိမှတ်တာ ပူဇော်မည်
သီတင်းကျွတ်ပြီ။
ပြုမိသမျှ အပြစ်များသည်
ပျောက်ပျက်ရည် ကင်းပလျှမ်း။
အဘိဓမ္မာ အခါတော်လရယ်မို့
အေးမြရွှင်လန်း။ ။

မင်းမြတ်မိုး(မန်းဓမြ)



(၁၀၆)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီပူဇော်ပွဲ ကျင်းပ

ပျဉ်းမနား အောက်တိုဘာ ၂၈

(၁၀၆)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲကို အောက်တိုဘာ ၂၇ ရက် ညနေ ၆ နာရီက နှစ်ကျိပ်ရှစ်ဆူဘုရားများ စံကျောင်းတော်တပ်တွင်း ဓမ္မာရုံတွင် ကျင်းပရာ ပြည်သူလွတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ တက်ရောက်ဖွင့်လှစ်ပေးပြီး နှစ်ကျိပ်ရှစ်ဆူဘုရားများအား ဖူးမြော်ကြည်ညိုး၍ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲတွင် ရုပ်ပွားတော်များ လှည့်လည်ပူဇော်သည့် ရပ်ကွက်အလိုက် အလှပြယာဉ်များတွင် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်ပြီး ပျဉ်းမနားမြို့တွင်းလမ်းမကြီးများ၌ လှည့်လည် အပူဇော်ခံရာ ဒေသခံပြည်သူများ၊ ရပ်နီး၊ ရပ်ဝေးမှ ပြည်သူများ လာရောက်ဖူးမြော်ပြီး အလှူငွေများ လှူဒါန်းကြသည်။

ဒေသစာရီကြွချီသောဘုရားများ တင်ဆောင်သည့် အလှပြယာဉ်များနောက်မှ ဗျော်ဖြေရေးယာဉ်များက နိုင်ငံကျော်အဆိုတော်များနှင့် တေးသီချင်းဖြင့် ဧည်ခံဖျော်ဖြေရာ လာရောက် ကြည့်ရှုသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

အရန်မီးသတ်တပ်ဖွဲ့ဝင်များက သံယာတော်များအား ဆွမ်းလောင်းလှူဒါန်း

မန္တလေး အောက်တိုဘာ ၂၈

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်း ဆွမ်းခံကြွရောက်လာကြသော ရဟန်းသံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူခဲ့သည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၅ နာရီမှ ၇ နာရီအထိ ညောင်ကွဲရပ်ကွက်၊ အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ (၂၆၆)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့သည်။

ဆွမ်းလောင်းလှူပွဲတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး ဦးဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးတင်မောင်ဆန်းတို့ ဦးဆောင်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူကြလာကြသော ရဟန်းသံဃာတော်အပေါ်း ၁၅၀ ခန့်အား ဆွမ်းနှင့် ဆွမ်းဟင်းများကို စုပေါင်းလောင်းလှူဒါန်းခဲ့ကြသည်။

လှူဒါန်းမှုတွင် ဆွမ်း၊ ဝက်သားချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်နှင့် အကြော် စသည့် ဆွမ်းနှင့် ဆွမ်းဟင်းများ ပါဝင်ခဲ့သည်။

အဆိုပါ ဆွမ်းလောင်းလှူမှုကို အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၇၀)

o-o-o-o-o





သံယာဂိုဏ်းပေါင်းစုံ ပဝါရဏာရွက်ဖတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက် ရေနား သာမဏေကျော် ကျောင်း ဝေရီဓေယျသာသနဝေဗုလ္လကာရီဝိသုဂါမ မဟာသိမ်တော်ကြီး၌ သံဃာဂိုဏ်းပေါင်းစုံ ပဝါရဏာရွက်ဖတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ခဲ့ပြီး ကြက်မင်းတွန်ရပ်ကွက် ရွှေစေတီကျောင်းတိုက် ဦးစီးပဓာန ဘဒ္ဒန္တ ပညာသာမိက ဥတ်ထားမည့် ဆရာတော်အား အမည်မှည့်၍ အဖျကသမ္မုတ္တိဥတ္တိဌပနာပါဠို တစ်ကြိမ်နှင့် ရဲစုရပ်ကွက် ပညာလင်္ကာရစာသင်တိုက်ဦးစီးပဓာန ဘဒ္ဒန္တ ပညာသာမိက ဥတ်ထားရန် လျောက်ထားသည့်ပါဠိကို သုံးကြိမ်၊ ဆူးကုန်းရပ်ကွက် မဟာဒိသုတာရာမ ကျောင်းတိုက်ဦးစီးပဓာန ဘဒ္ဒန္တ ခေမိန္ဒာစာရက သံဃာ့ပဝါရဏာဥတ်ထားပုံပါဠိကို ရွတ်ဆိုဥတ်ထားခဲ့သည်။

ထို့နောက် သိင်္ခသဒ္ဒကြီးဆုံး မထေရ်မှစ၍ ဝါတူရာသံဃာတော်များပေါင်း၍ ပဝါရဏာပြုခဲ့ပြီး သံဃာတော်တို့မှ မေတ္တာသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆုတောင်းရုပ်သိမ်းခဲ့ကြောင်း နှင့် ပဝါရဏာရွက်ဖတ်ပွဲသို့ မြို့နယ်အတွင်းရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၄၅၁ ပါး တက်ရောက်တော်မူခဲ့သည်။

ထို့နောက် ကျောက်ဆည်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များက ဆရာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဝဲ၊ ဆေးဝါးများ၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ထက်ထက်(ကျောက်ဆည်)

တာချီလိတ်မြို့ပေါ်ရှိ သံဃာတော်နှင့် သီလရှင် ၇၅၀ ပါးအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူ



တာချီလိတ် အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် သီတင်းကျွတ်လပြည့် (အာဘိဓမ္မာအခါတော်နေ့)၌ သံဃာတော်များနှင့် သီလရှင်များ ဆွမ်းကိစ္စ အဆင်ပြေစေရန်နှင့် ကုသိုလ်ဒါနပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာလမ်းတွင် ကျင်းပခဲ့သည်။

အလင်းရောင်ပရဟိတအသင်းက ဦးဆောင်ကျင်းပသည့် အဆိုပါ ဆွမ်းလောင်းလှူပွဲကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်၊ ရှင်သာမဏေများနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၇၅၀ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလင်းရောင်ပရဟိတအသင်းသည် လပြည့်၊ လကွယ်နေ့များတွင် အပတ်စဉ် ဆွမ်းလောင်းမှုများကို ဦးဆောင်ပြုလုပ်ခဲ့ပြီး ယခု သီတင်းကျွတ်လပြည့် အာဘိဓမ္မာအခါတော်နေ့တွင် ပြုလုပ်သည့် ဆွမ်းလောင်းလှူပွဲမှာ (၁၉၉)ကြိမ်မြောက် စုပေါင်းကုသိုလ်ပြု လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမြိုင်သူ(ပြန်/ဆက်)

o-o-o-o-o-o

ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

ဘုရား၊ စေတီ၊ ဘုန်းတော်ကြီးကျောင်းများ၌ စတုဒိသာကျွေးမွေးသူများ၊ ဘုရားပူးပြည်သူများ ကောင်းမှုကုသိုလ်ပြုသူများပြင့် အထူးစည်ကားလျက်ရှိ

ဟိုပင် အောက်တိုဘာ ၂၈

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့အတွင်းရှိ ဘုရားစေတီ ဘုန်းတော်ကြီးကျောင်းများ၌ သီတင်းကျွတ်လပြည့် (အာဘိဓမ္မာအခါတော်နေ့) ညနေပိုင်းတွင် မြို့ပေါ်ရှိ ဘုရားစေတီများ၌ လာရောက်ဖူးမြော်ကြသူများ ဆီမီးရေချမ်း ကပ်လှူပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော အာဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ဘုရားများ၊ ဘုန်းတော်ကြီးကျောင်းများတွင် သီလဆောက်တည်သူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် အေးချမ်းသာယာစွာ အထူးစည်ကားလျက်ရှိသည်။

ဟိုပင်မြို့တွင် ဘုရား တစ်ဆူ၊ စေတီ ခုနစ်ဆူ၊ ဘုန်းတော်ကြီးကျောင်း ၄၈ ကျောင်း ရှိရာ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားလာရောက်ဖူးမြော်လည်ပတ်သူများ၊ ဆီမီးပူဇော်သူများဖြင့် မီးထွန်းပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

လင်းသွယ်ဦး(ပြန်/ဆက်)



‘မနိုင်ဝန်အားကြောင့်ဖြစ်ပွားသော လျှပ်စစ်မီးတေားအန္တရာယ်မှ ကာကွယ်ခြင်း’ ဆောင်းပါး စာမျက်နှာ(၁၄)မှ အဆက်-

Generation စက်များ ၂၄ နာရီအတွင်း ဘယ်အချိန်ဝင်၍ ဘယ်အချိန် ပြန်ထွက်သည် ဆိုသည့် data များကို စနစ်တကျပြုစုကြရပါသည်။ ညဘက်တွင် ဓာတ်အားသုံးစွဲမှု သိသိသာသာ လျော့ကျလာပါသည်။ သို့ဖြစ်ရကား သုံးစွဲသည့်ဝန်အားထက် ပိုနေသည့် Generation စက်များကို ထွက်ပေးခိုင်းရပြန်ပါသည်။ ဝန်အားကျဆင်းသွားသည့်အခါ Voltage များတက်လာပါတော့သည်။ ထိုအခါ Capacitor Bank များ Off ခြင်း Reactor များ On ခြင်းများဖြင့် Voltage ကိုလျှော့ချရန်ဆောင်ရွက်ကြရပြန်ပါသည်။ GCC မှပေးသော ရေအား data များနှင့် LDC ကရသော စက်ရုံခွဲရုံများမှ ကောက်ယူထားသော data များ ကွာဟမှုရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးကြရပြန်ပါသည်။

ထိုကဲ့သို့ data ဖိုင်ပေါင်း ၂၀ ကျော်လောက်ကို သက်ဆိုင်ရာ Formula များသုံးကာ ထည့်သွင်းလိုက်ခြင်းဖြင့် ရရှိလာသည့် data များအလိုက် load curve များကို ရရှိလာစေပါသည်။ ထိုသို့နာရီစဉ်အလိုက် ဆောင်ရွက်နေရင်း နောက်တနေ့ နံနက် ၅ နာရီဝန်းကျင်တွင် ဓာတ်အားသုံးစွဲမှုများ အစပြုလာပြန်ပြီဖြစ်၍ Frequency ကြည့်ကာ လိုအပ်သည့်စက်များ ဝင်ပေးရန် GCC ကို ညှိရပြန်ပါတော့သည်။ ဆိုလိုသည်မှာ ပြည်သူတို့သုံးစွဲသော ဝန်အားအခြေနေပေါ်မူတည်၍ လျှပ်စစ်ဓာတ်အားစနစ် တည်ငြိမ်စေရန် အချိန်နှင့်တစ်ပြေးညီ ကြိုးစားပြီး data များကောက်ယူ၍ အဆိုပါ data များအပေါ် အခြေခံပြီးမှ ဝန်အားတိုးခြင်း လျော့ခြင်းကိုလည်းကောင်း၊ အလှည့်ကျ ဓာတ်အားပေးခြင်းကိုလည်းကောင်း ထိန်းချုပ်ဆောင်ရွက်နေရခြင်းဖြစ်ပါသည်။ လျှပ်စစ်ထိန်းချုပ်ရေးဌာန(LDC)အနေဖြင့် ပြည်သူတို့ လျှပ်စစ်ဓာတ်အားကို အချိန်မှန်မှန်ရရှိနိုင်ရေးအတွက် များပြားလှစွာသော data များကို စနစ်တကျပြုစုပြီး စနစ်တကျထိန်းချုပ်ပေးနေခြင်းဖြင့်သာ ဓာတ်အားစနစ်ကြီးတစ်ခုလုံး ရပ်ဆိုင်းပြီး တစ်နိုင်ငံလုံး မှောင်ကျမသွားစေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အချုပ်အားဖြင့်ဆိုရသော် သက်ဆိုင်ရာဖြို့နယ်အလိုက် ပုံမှန်အလှည့်ကျဓာတ်အားပိတ်ခြင်းနှင့် အရေးပေါ်ဝန်အား လျှော့ခြင်းကိုပြုလုပ်ရန် လိုအပ်လာပါက ခွဲရုံ၊ စက်ရုံများမှနေ၍ အရေးပေါ်ဝန်အား လျှော့ချစေခြင်းဖြင့်သာ ပြည်သူများ ဓာတ်အားပြတ်တောက်ချိန်အနည်းဆုံးဖြစ်ရန်နှင့် မလိုလားအပ်သောဝန်အားမနိုင်၍ ဖြစ်ပွားရသည့် မီးတောအန္တရာယ်အနည်းဆုံးဖြစ်ရန် လျှပ်စစ်ဝန်ထမ်းများမှ အချိန်ပြည့်ကြိုးစား၍ တာဝန်ထမ်းဆောင်လျက်ရှိနေကြပါကြောင်းနှင့် ပြည်သူများကို မီးမပျက်စေချင်ဆုံးသောသူများမှာ လျှပ်စစ်ဝန်ထမ်းများသာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြရေးသားလိုက်ရပါသည်။

မောင်မောင်စွယ်စုံထွန်း

မန္တလေးတိုင်းရှိ တောင်သူများအတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ၄၃၀ ဘီလီယံကျော် ထုတ်ချေးရန်လျာထား

မန္တလေး အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် စပါးနှင့် အခြားသီးနှံများစိုက်ပျိုးသည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၄၃၀,၅၇၆ ဒသမ ၅ သောင်း ထုတ်ချေးရန် လျာထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ချေးငွေများကို မန္တလေးတိုင်းဒေသကြီးရှိ ဘဏ်ခွဲကိုးခုမှ တစ်ဆင့် လာမည့် နိုဝင်ဘာလမှ ဒီဇင်ဘာလကုန်အထိ ထုတ်ချေးသွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှ စတင်၍ ယခင်နှစ်ထက် နှစ်ဆနီးပါးတိုးမြှင့်ထုတ်ချေးပေးနေခြင်းဖြစ်သည်။

‘ဆောင်းသီးနှံ အနေနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ဘဏ်ခွဲကိုးခုကနေ ထုတ်ချေးဖို့ လျာထားပါတယ်။ သီးနှံအမျိုးအစားပေါ်မူတည်ပြီး စပါးနဲ့ အခြားသီးနှံအားလုံးအတွက် စုစုပေါင်း ငွေကျပ် ၄၃၀,၅၇၆ ဒသမ ၅ သောင်း ထုတ်ချေးဖို့ လျာထားပါတယ်’ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာ ဦးသက်ဦးက ပြောသည်။

ချေးငွေထုတ်ချေးရာတွင် လုပ်ကွက်ငယ်တောင်သူများအတွက် စပါးတစ်ဧကလျှင် ငွေကျပ် ၃ သိန်းနှင့် အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် ၂ သိန်းခွဲ သတ်မှတ်ထားပြီး တောင်သူတစ်ဦးလျှင် အများဆုံး ၁၀ ဧက အထိ ချေးယူနိုင်ကြောင်း သိရသည်။ ထို့ကြောင့် စပါးစိုက်တောင်သူတစ်ဦးလျှင် အများဆုံး ငွေကျပ် သိန်း ၃၀နှင့် အခြားသီးနှံစိုက်တောင်သူတစ်ဦးလျှင် အများဆုံး ငွေကျပ် ၂၅ သိန်း အထိ ရရှိနိုင်မည်ဖြစ်သည်။

မန္တလေးတိုင်းအတွင်း ဆောင်းသီးနှံများအဖြစ် မြေပဲ၊ ဂျုံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးကြပြီး တောင်သူများ၏ လိုအပ်ချက်အပေါ်မူတည်၍ ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်သည်။ ချေးငွေအတိုးနှုန်းမှာ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြစ်ပြီး ချေးငွေပြန်လည် ပေးဆပ်ရမည့် ကာလကို ၂၀၂၇ ခုနှစ် စက်တင်ဘာလကုန်အထိ သတ်မှတ်ထားသည်။

စိုက်ပျိုးစရိတ်ချေးငွေရရှိရန် တောင်သူများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် အာမခံအဖြစ် အပ်နှံထားရမည်ဖြစ်ကြောင်း ဦးသက်ဦးက ပြောသည်။

‘အဓိကကတော့ တောင်သူတွေရဲ့ စိုက်ရေးပျိုးရေးအတွက် လိုအပ်တဲ့ သွင်းအားစုတွေ အချိန်မီရရှိအောင်နဲ့ လုပ်သားခအပါအဝင် လိုအပ်တဲ့ငွေကြေးပမာဏကို ထောက်ပံ့ပေးနိုင်ဖို့ ရည်ရွယ်ပြီး အတိုးနှုန်းသက်သာစွာနဲ့ ထုတ်ချေးပေးတာဖြစ်ပါတယ်။ ချေးငွေရာသီရောက်လာရင် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဘဏ်ခွဲတွေနဲ့ ချိတ်ဆက်ပြီး လျှောက်ထားနိုင်ပါတယ်’ဟု ၄င်းက ပြောသည်။

ထို့ပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများအား မိုးနှင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ နှစ်စဉ် ထုတ်ချေးပေးလျက်ရှိသည့်အပြင် လယ်ယာသုံးစက်ယန္တရား ဝယ်ယူအသုံးပြုနိုင်ရေးအတွက်လည်း ချေးငွေအစီအစဉ်သစ်ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)
ရွှေမန်း



ရေးဟောင်းသမိုင်းဝင် နာဂဓိဌာန် ပုန်းတလုတ်နတ်ရောက် မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပင်းတယ အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခနုဂိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့လယ်ရှိ ၈၂ ဒသမ ၅၇ ဧကကျယ်ဝန်းသော ခနုဒေသ ပင်းတယမြို့နယ်ဂုဏ်ဆောင်ရွေးဟောင်းသမိုင်းဝင် နာဂဓိဌာန် ပုန်းတလုတ်နတ်ရောက်ပတ်လည်တွင် ဆီမီးဖယောင်းတိုင်များ ထွန်းညှိပူဇော်ခြင်းနှင့် ကန်အတွင်းသို့ ဆီမီးဖယောင်းတိုင် မီးဖောင်မျှောခြင်း အစရှိသည့် မီးထွန်းပွဲတော်အား အောက်တို ဘာ ၂၇ရက် ညဂုနာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါမီးထွန်းပွဲတော်အား မြို့ပေါ် ၁၃ ရပ်ကွက်နှင့် နီးစပ်ရာ ကျေးရွာများမှ ပြည်သူများနှင့် ဘုရားဖူးဒကာသည်များက ကန်ပတ်လည်နေရာများ၌ ဆီမီးဖယောင်းတိုင်များ ထွန်းညှိပူဇော်ကြ၍ ရေကန်ပတ်လည်ရှိ မြို့ပေါ်ရပ်ကွက်မှ ရပ်မိ၊ရပ်ဖများနှင့် ပြည်သူများ လာရောက်ကြ၍ ရေကန်အတွင်းသို့ ထွန်းညှိပူဇော်အလှူခံထားသော မီးဖောင်ကြီး၊ ငယ်များအား ရေကန်အတွင်းသို့ မီးဖောင်မျှောချ၍ ပူဇော်ကြရာ၌ ပွဲတော်ကျင်းပသည့် ခနုတောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ အင်းသွား၊ ဗမာ အစရှိသော ဒေသနေ တိုင်းရင်းသားပြည်သူများနှင့် ရပ်မိုး၊ရပ်ဝေးမှ ဘုရားဖူးများ ပူးပေါင်းဆောင်ရွက်ကြ၍ နာဂဓိဌာန်ပုန်းတလုတ်နတ်ရောက်အား စောင့်ရှောက်ကြသည့် ရေကန်စောင့်နတ်မင်းကြီးနှင့် နတ်အပေါင်းအား ဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပခဲ့သည်။

နာဂဓိဌာန်ပုန်းတလုတ်နတ် ရေကန်အား အခွန်ရှည်တည်တံ့ခိုင်မာစေရန်ရည်ရွယ်၍ ရှေးရိုးရာ မပျက် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပနေစဉ် ရှမ်းအိုးစည်၊ ခနုအိုးစည်ပိုင်းများ တီးခတ်၍ ရိုးရာမပျက် သံချပ်တေးသီချင်းများ ပိုင်းဝန်းသီဆိုကြ၍ စန်းသျှီအဖွဲ့မှ စန်းသျှီ-အေးဆေးရိုးရှိ အမည်ရည်မီးကြိုးမီးပုံးပျံကြိုးနှင့် အတူ မီးပုံးပျံငယ်များ လွှတ်တင်ကြပြီး မီးပူဇော်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(၃၃၈)



ခရမ်းစိုက်ခင်းများ သုံးရက်ခြားတစ်ကြိမ် ခူးဆွတ်ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိ

ကျောက်ဆည် အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ ကျေးရွာပေါင်း ၂၀၀ ကျော်ရှိပြီး စပါး၊ မြေပဲ၊ နေကြာ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်ငုံ၊ ချည်မျှင်ရှည် ဝါ၊ နှံစားပြောင်း၊ ဖူးစားပြောင်း၊ နန္ဒင်း၊ ငရုတ်၊ ကျွဲနွားစာနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ရန်ပုံနှစ်ကျေးရွာ၌ စိုက်ပျိုးထားသော မျှားနီတံဆိပ် ကာမစ်အမျိုးအစား အတို့အမြုပ်ပြုလုပ်၍ စားရသည့် ခရမ်းကြပ်သီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး သုံးရက်ခြားတစ်ကြိမ် ခူးဆွတ်ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ခရမ်းသီးသည် ဟင်းချက်၍ စားရသော ခရမ်းမျိုးအကြီးနှင့် အတို့အမြုပ် လုပ်၍ စားရသော ခရမ်းသီးအသေးမျိုးဟူ၍ မျိုးကွဲများစွာရှိကြောင်း၊ တောင်သူများအနေဖြင့် ခရမ်းသီးစိုက်ပျိုးရာတွင် ရာသီကိုချိန်ညှိ၍ ဈေးကောင်းရနိုင်မည့် ခရမ်းမျိုးကိုသာ ရွေးချယ်ပြီး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာ၌ အပင်သေဖျောက်မှုမရှိစေရန်အတွက် ပျိုးထောင်ထားသည့် ပျိုးခင်းမှ သန်မာသည့်ခရမ်းပျိုးပင်များကို ရွေးချယ်၍ ကြိတင်မြေပြင်ထားသည့် စိုက်ကွင်း၌ ပြောင်းရွေ့စိုက်ပျိုးကြကြောင်း၊ စိုက်ခင်းများအောင်မြင်ရေးအတွက် မြေအမျိုးအစားအလိုက် ရေသွင်း၊ ရေထုတ် လွယ်ကူစေရန်အတွက် မြေပေါင်များပြုလုပ်ပြီး တစ်ပင်နှင့်တစ်ပင် လေးပေခန့်အကွာ စိုက်ပျိုးကြကြောင်း၊ အပင်ငယ်ချိန်တွင် မြေဆွေခြင်း၊ ပေါင်းနှုတ်ခြင်းနှင့် လိုအပ်သည့်အချိန်၌ မြေဩဇာကျွေးခြင်း၊ ပိုးမွှားကာကွယ်ဆေးဖျန်းခြင်းများ ပြုလုပ်ပေးရကြောင်း ခရမ်းစိုက်တောင်သူများထံမှ သိရသည်။

ခရမ်းသီးပင်သည် စိုက်ပျိုးပြီး ၄၅ ရက်တွင် စတင်ခူးဆွတ်ရပြီး အပင်အပြုအစုကောင်းပါက တစ်နှစ်ပတ်လုံးနီးပါး ခူးဆွတ်ရောင်းချရကြောင်း၊ ခရမ်းသီးနှံ ဝ ဒသမ ၅ ဧက စိုက်ပျိုးထားသည့် ဦးတင်ထွန်းက အသီးလွှင်ချိန်တွင် တစ်ခါခူးဆွတ်ပါက ပိသာ ၂၀၀ နီးပါး ခူးဆွတ်ရပြီး၊ ကာလရှည် ခူးဆွတ်ရောင်းချရသည့်အတွက် ရောင်းဈေးအနေဖြင့် အချိန် ကာလအပေါ်မူတည်၍ ခရမ်းသီးတစ်ပိသာလျှင် ငွေကျပ် ၁၀၀၀မှ ၂၀၀၀အထိ ရောင်းချရကြောင်း သိရသည်။

(အပေါ်ပုံ)
(၄၈၅)

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

မော်စကိုစွမ်းအင်ဖိုရမ်၏ အပြင်ဘက်ဆွေးနွေးပွဲတွင် အီရန်သမ္မတနှင့် ကာတာအမီးရ်၏ မင်းသား တွေ့ဆုံဆွေးနွေး



မော်စကို အောက်တိုဘာ ၂၈

အီရန်သမ္မတ မက်ဆူးဒ် ပီဇက်ရှ်ကီယန်သည် ရုရှားနိုင်ငံ မော်စကိုမြို့တော်၌ ကျင်းပသော စွမ်းအင်ဖိုရမ်၏ အပြင်ဘက် ဆွေးနွေးပွဲတွင် ကာတာအမီးရ် မင်းသား ရှားခ်သာမင်းဘင်ဟာမဒ်အယ်လ်သာနီနှင့် တွေ့ဆုံခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ခေါင်းဆောင်နှစ်ဦးသည် အီရန်နှင့် ကာတာတို့အကြား လက်ရှိ ဆက်ဆံရေးအခြေအနေကို ပြန်လည်သုံးသပ်ခဲ့ကြပြီး နိုင်ငံရေးနှင့်စီးပွားရေးဆက်ဆံရေးများ တိုးချဲ့ရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအဆင့်ကို မြှင့်တင်ရန် လက်ရှိစွမ်းဆောင်ရည်များကို အသုံးပြုရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့ကြသည်။

၄င်းတို့သည် မော်စကိုမြို့၌ ကျင်းပသည့် ဓာတ်ငွေ့တင်ပို့သည့် နိုင်ငံများဖိုရမ်၏ အပြင်ဘက်ဆွေးနွေးပွဲတွင် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေးကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **Mon**

အေအိုင်ဦးဆောင် နည်းပညာကုမ္ပဏီကြီးများကြောင့် ကမ္ဘာ့စတော့ဈေးကွက်များ မြင့်တက်လာသည်ဟု ဆို



စင်ကာပူ အောက်တိုဘာ ၂၈

ကမ္ဘာ့စတော့ဈေးကွက်များသည် အေအိုင်တိုးတက်မှုကို ဦးဆောင်နေသည့် နည်းပညာကုမ္ပဏီကြီးများ၏ အလားအလာကောင်းများပေါ်တွင် ရင်းနှီးမြှုပ်နှံသူများ ဆက်လက်မျှော်လင့်ချက်ထားရှိနေသဖြင့် မြင့်တက်လာကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် နည်းပညာစတော့များ အဓိကပါဝင်သော နာစ်ဒတ်ချ်အညွှန်းကိန်းသည် ၁ ဒသမ ၁၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဦးဆောင်မှုပေးခဲ့သောကြောင့် အဓိက စတော့အညွှန်းကိန်းသုံးခုစလုံး အင်္ဂါနေ့တွင် မြင့်တက်ခဲ့သည်။

ပင်မ အက်စ်အင်ဒီပီ ၅၀၀ အညွှန်းကိန်းသည် ၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဒေါင်းဂျုန်းစစ်မှုဇုန်အညွှန်းကိန်းမှာမူ ၀ ဒသမ ၀၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

မဂ်နီဖစ်ဆင့်ဆဗင်း နည်းပညာစတော့ခုနစ်ခုအနက် ငါးခုမှာ မြင့်တက်ခဲ့ပြီး ၄ ဒသမ ၀၄ ရာခိုင်နှုန်းဖြင့် တက်စလာကုမ္ပဏီက ဦးဆောင်ခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0

ဓာတ်ပုံအနုပညာအဖွဲ့ချုပ် ကမ္ဘာ့ဓာတ်ပုံဆရာများညီလာခံ တရုတ်နိုင်ငံ ဇေကျန်းပြည်နယ် လီချွေမြို့၌ ဖွင့်လှစ် ကျင်းပ



ပေကျင်း အောက်တိုဘာ ၂၈

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံအနုပညာအဖွဲ့ချုပ် ကမ္ဘာ့ဓာတ်ပုံဆရာများညီလာခံ၊ အကြိမ်(၂၀)မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံအနုပညာပြပွဲနှင့် (၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံဆိုင်ရာဆွေးနွေးပွဲတို့ကို အောက်တိုဘာ ၂၄ ရက်က တရုတ်နိုင်ငံ ဇေကျန်းပြည်နယ် လီချွေမြို့၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ရစ်ကာဒို ဘူစီက တရုတ်နိုင်ငံသည် ကမ္ဘာ့ဓာတ်ပုံကဏ္ဍတွင် တက်ကြွသောအင်အားတစ်ခုဖြစ်ပြီး လီချွေမြို့သည် ဓာတ်ပုံဆရာများ အယူအဆများနှင့် အတွေ့အကြုံများ ဖလှယ်ရာ အရေးပါသောအပြည်ပြည်ဆိုင်ရာ ဗဟိုချက်တစ်ခုဖြစ်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံးနှင့် အကြီးမားဆုံး အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံပြပွဲများအနက်တစ်ခုဖြစ်သည့် အကြိမ်(၂၀)မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံအနုပညာပြပွဲသို့ နိုင်ငံနှင့် ဒေသပေါင်း ၁၂၅ ခုမှ ပေးပို့ယှဉ်ပြိုင်မှုများကို လက်ခံရရှိခဲ့ကြောင်း သိရသည်။ **Mon**

ကမ္ဘာအနှံ့ ခရီးလှည့်ရန် ငွေပေးချေထားသော ခရီးသည် ၂၀၀ ခန့် ကမ္ဘောဒီးယားဆိပ်ကမ်းတစ်ခုတွင် ရုတ်တရက် သောင်တင်ကျန်ရစ်

ဖနွမ်းပင် အောက်တိုဘာ ၂၈

ဩဒက်ဆီအပျော်စီးသင်္ဘော ပေါ်တွင် နေထိုင်ရင်း ကမ္ဘာအနှံ့ ခရီးလှည့်လည်ရန် ငွေကြေးပေးချေထားသော ခရီးသည် ၂၀၀ ခန့်သည် ကုမ္ပဏီငွေကြေးပြတ်လပ်သွားပြီးနောက် ကမ္ဘောဒီးယားဆိပ်ကမ်းတစ်ခုတွင် ရုတ်တရက် သောင်တင်ကျန်ရစ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အခြေစိုက် လုပ်ငန်းလုပ်ကိုင်သူ ဗီလာဗီးရီးစစ်ဒင်းစ်ကုမ္ပဏီက အီရန်စစ်ပွဲအပြီး လောင်စာဆီစရိတ်များ အလွန်အမင်း မြင့်တက်လာမှုကို ဖြေရှင်းဆောင်ရွက်နေစဉ် ကမ္ဘောဒီးယားတွင် လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းထားကြောင်း ကြေညာခဲ့သည်။

မီတာ ၂၀၀ ရှည်လျားသော ထိုသင်္ဘောသည် အားလပ်ရက် ခရီးအတွက် သို့မဟုတ် တစ်သက်တာနေထိုင်ရန် ခရီးသည်များ အခန်းဝယ်ယူခြင်း သို့မဟုတ် ငှားရမ်းခြင်းပြုလုပ်နိုင်သည့် မရပ်မနား သွားရောက်မည့် ခရီးစဉ်အတွက် မြောက်အိုင်ယာလန်မှ ထွက်ခွာခဲ့ခြင်းဖြစ်ပြီး အချို့သောခရီးသည်များသည် ယင်းခရီးစဉ်အတွက် ကျသင့်ငွေကို ပေးချေရန် ၄င်းတို့ပိုင်ဆိုင်သမျှ အရာအားလုံးကို ရောင်းချခဲ့ကြကြောင်း သိရသည်။ **Mon**





ယူနိုက်တက်လေကြောင်းလိုင်း လေယာဉ်ပေါ်တွင် လေယာဉ်ပြန်ပေးဆွဲမည်ဟု မြိမ်းခြောက်မှု ဖြစ်ပွားခဲ့

ဝါရှင်တန် အောက်တိုဘာ ၂၈

အမေရိကန်ပြည်ထောင်စု နယူးဝပ်ခ်မြို့သို့ ဦးတည်ပျံသန်းနေသည့် ယူနိုက်တက်လေကြောင်းလိုင်းသည် လေယာဉ်ပေါ်တွင် ယမန်နေ့က လေယာဉ်ပြန်ပေးဆွဲမည်ဟု ခြိမ်းခြောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ခြိမ်းခြောက်သူ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး နောက် လေယာဉ်ကို ပြန်လှည့်စေခဲ့ရသဖြင့် ခရီးသည် ၁၅၀ ခန့် တစ်ညတာ ခရီးနောက်ကျခဲ့ရသည်။

လတ်စ်ဗီးဂတ်စ်မြို့ရှိ ဟာရီလီဒ်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နယူးဝပ်ခ်လစ်ဘာတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပျံသန်းသည့် ယူနိုက်တက်လေကြောင်း ခရီးစဉ် ၁၆၈၁ သည် လေကြောင်းလိုင်းက "လုံခြုံရေးဆိုင်ရာ ဖိုးရိမ်ဖွယ်ရာဖြစ်ရပ်တခုခု" ဟု ဖော်ပြခဲ့သည့် အခြေအနေဖြစ်ပွားပြီးနောက် အောက်တိုဘာ ၂၄ ရက်နေ့တွင် ဘေးကင်းစွာ ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။ **Mon**

အင်ဒိုနီးရှားနိုင်ငံ ဗဟိုကာလီမန်တန်ပြည်နယ်၏ မြို့တော်တွင် တောမီးနှင့် မီးလောင်မှုများကြောင့် တစ်မြို့လုံး မီးခိုးမြူဖုံးလွှမ်း



ဂျကာတာ အောက်တိုဘာ ၂၈

အင်ဒိုနီးရှားနိုင်ငံ ဗဟိုကာလီမန်တန်ပြည်နယ်၏ မြို့တော် ပလန်ကာရာယာတွင် တောမီးနှင့်မြေပြင်မီးလောင်မှုများကြောင့် တစ်မြို့လုံး ထူထပ်သော မီးခိုးမြူများ ဖုံးလွှမ်းသွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်ရက်ဆက်တိုက် မိုးရွာသွန်းခဲ့မှုကြောင့် လပေါင်းများစွာ ဘေးအန္တရာယ်ရှိသော အခြေအနေများ ဖြစ်ပေါ်ခဲ့ပြီးနောက် လေထုအရည်အသွေးနှင့် မြင်ကွင်းကန့်သတ်မှုများ တိုးတက်ကောင်းမွန်လာခဲ့ပြီး အဆိုပါမြို့နှင့် မီးလောင်မှုဒဏ်ခံရသော အင်ဒိုနီးရှားနိုင်ငံ၏ အခြားဒေသများအတွက် များစွာလိုအပ်နေသော သက်သာရာရမှုကို ဆောင်ကြဉ်းပေးခဲ့သည်။

မိုးရွာသွန်းမှုကို အားပေးရန် ဗဟိုကာလီမန်တန်နှင့် တောင်ဆူမားကြားတို့အပေါ် ဆားကီလို ဂရမ် ၂၂၈၀၀ ကြဲဖြန်းကာ ယမန်နေ့က မိုးတိမ်ဖန်တီးသည့် လေကြောင်းပျံသန်းမှု ၁၄ ကြိမ် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0

ရတနာဘုံစံတောရခမ္မရိပ်သာကျောင်းတိုက်၌ သံဃာတော် ၁၂၆ ပါးအား သီတင်းကျွတ် ပဝါရဏာလောင်းလှူပူဇော်ပွဲ ကျင်းပ



ပုဂံ အောက်တိုဘာ ၂၈


မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ရတနာဘုံစံတောရ ခမ္မရိပ်သာကျောင်းတိုက်ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ကျောင်းတွင် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက သံဃာတော် ၁၂၆ ပါးအား ပင့်ဖိတ်၍ သီတင်းကျွတ် ပဝါရဏာလောင်းလှူပူဇော်ပွဲ ကျင်းပခဲ့ပြီး အဆိုပါ ရတနာဘုံစံတောရ ခမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော်နှင့် သံဃာတော် ၁၂၆ ပါးအား ရပ်ဝေး၊ ဆရာတော် ဘဒ္ဒန္တသာဂရက မိန့်ကြားခဲ့သည်။

ရှေးဦးစွာ ပဝါရဏာလောင်းလှူပူဇော်ပွဲသို့ ကြွရောက်တော်မူသည့် ဘုရားအမှူးပြုသော သံဃာတော်များက ပုဂံမြို့၊ ရတနာဘုံစံတောရ ခမ္မရိပ်သာကျောင်းတိုက်ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ကျောင်းတွင် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် သီတင်းကျွတ် ပဝါရဏာလောင်းလှူပူဇော်ပွဲကို ကျင်းပခဲ့ရာ ပုဂံမြို့၊ ရတနာဘုံစံတောရ ခမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော်နှင့် သံဃာတော် ၁၂၆ ပါးအား ရပ်ဝေး၊ ရပ်နီးမှ အလှူရှင်များနှင့် ဒေသခံပြည်သူများက နဝကမ္မဝတ္ထုဇွေနှင့် လူဖွယ်ပစ္စည်းများဖြင့် လောင်းလှူပူဇော်ခဲ့ကြသည်။

အဆိုပါ သီတင်းကျွတ် ပဝါရဏာလောင်းလှူပူဇော်ပွဲကို ပုဂံမြို့၊ ရတနာဘုံစံတောရ ခမ္မရိပ်သာကျောင်းတိုက် နာယက ဆရာတော်၏ ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများနှင့် ရပ်ဝေး၊ ရပ်နီးမှ အလှူရှင်များ စုပေါင်း၍ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်းတွင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) ရဲဝင်းနိုင်



ဆောင်းရာသီတွင် ဒေသအများစု၌ ပျမ်းမျှအပူချိန်ထက် ပိုနိုင်

မန္တလေး အောက်တိုဘာ ၂၈

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဆောင်းရာသီကာလအတွင်း မြန်မာနိုင်ငံဒေသအများစု၌ နေ့နှင့်ည အပူချိန်များသည် ဆောင်းရာသီ ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၅˚C နှင့်အထက် ပိုနိုင်ကြောင်း မိုးလေဝသနှင့် ဧလဗေဒခန့်မှန်းချက်အရ သိရသည်။

မိုးရွာသွန်းမှုအနေဖြင့် ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ပိုင်းတို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်သည်။ ကျန်ဒေသအများစုတွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

ထို့အပြင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ခုနှစ်ကြိမ်ခန့် ဖြစ်ပေါ်နိုင်ပြီး လေးကြိမ်ခန့်မှာ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းနိုင်ပြီး ကမ်းရိုးတန်း၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများတွင် ပိုမိုထူထပ်နိုင်သည်။

မြစ်ရေအခြေအနေအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမှ မြင်းမူအထိ မြို့များတွင် လက်ရှိရေမှတ်အောက် ငါးပေမှ ခုနှစ်ပေ ခွဲခန့်၊ ပခုက္ကူမှ ဧလွန်အထိ မြို့များတွင် ၁၂ ပေ မှ ၁၅ ပေခန့် ကျဆင်းလာနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း

မိုးညှင်းမြို့၌ ဘုရား၊ စေတီများတွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကားများပြားလျက်ရှိ

မိုးညှင်း အောက်တိုဘာ ၂၈

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့ပေါ်ရှိ အထင်ကရဘုရားများဖြစ်သည့် ပြည်လုံးချမ်းသာ ရွှေသာလျောင်း၊ ဘုရားကြီးနှင့် မြသိန်းတန်ဘုရား အပြင် အခြားစေတီများတွင်လည်း သီတင်းကျွတ်လပြည့်ကျော်တစ်ရက် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ဘုရားဖူးလာရောက်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်ကျော်တစ်ရက်ညတွင် ကချင်ပြည်နယ်၌ အကြီးဆုံးဖြစ်သည့် မိုးညှင်းမြို့အရှေ့စုရပ်ကွက်ရှိ မြို့ကျက်သရေဆောင် ပြည်လုံးချမ်းသာ ရွှေသာလျောင်း ဘုရားကြီးနှင့် မြို့မရပ်ကွက်ရှိ မြသိန်းတန်ဘုရားတွင် ဘုရားသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများကလည်း ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အမွေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ ဘက်စုံအလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ ငါးအစာကျွေးခြင်း၊ ဘုရားဝတ်ရွတ်အသင်းမှ ဝတ်ရွတ်ပူဇော်ကြခြင်းနှင့် ဥပုသ်သီလဆောက်တည်ကြခြင်းများ အပြင် ဘုရားဖူးပြည်သူများအား အလှူရှင်များမှ စတုဒိသာအဖြစ် ရိုးရာလေ့ မုန့်များနှင့် အအေးများ ကျွေးမွေးဧည့်ခံခြင်းများကို အစဉ်အလာမပျက် နှစ်စဉ် ပြုလုပ်ကြကြောင်း သိရသည်။

(အောက်ပုံ) ရွှေမိုးညင်း



မိုးရာသီက စိုက်ပျိုးခဲ့သော သီးနှံစုံ ၄၉၃၈၁ ကေအထိ ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော သီးနှံစုံ ၄၉၃၈၁ ကေအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံပို့လျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်စုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်၊ ငှက်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေ စားသုံးသီးနှံများ စသည့် မိုးသီးနှံစုံ ၁၃၇၉၈၇ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ အဆိုပါစိုက်ပျိုးထားသော မိုးသီးနှံစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းဆောင်ရွက်ခဲ့ပြီး ယနေ့တွင် သီးနှံစုံ ၄၉၃၈၁ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မိုးသီးနှံစုံစိုက်ဧက ၁၃၇၉၈၇ ဧက လျာထားစိုက်ပျိုး ဆောင်ရွက်ခဲ့ရာမှာ ဒီနေ့ထိ ၁၃၆၉၈၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မိုးသီးနှံစိုက်ခင်းများကို လက်ရှိမှာ ရိတ်သိမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီနေ့ထိ ရိတ်သိမ်းပြီးစီးမှုအနေနဲ့ သီးနှံစုံဧက ၄၉၃၈၁ ဧက ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ မိုးသီးနှံတွေ သိမ်းဆည်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းများ လျော့နည်းမှုတွေ မဖြစ်စေရေး အတွက် စနစ်တကျ သိမ်းဆည်းကြဖို့၊ အရည်အသွေးကောင်းတဲ့ သီးနှံများရရှိဖို့ အမိုးအကာအောက်မှာ စနစ်တကျ သိမ်းဆည်းနိုင်ဖို့ အတွက် ဒေသခံ တောင်သူတွေကိုလည်း အခိုနိမိ သီးနှံရိတ်သိမ်းနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်'ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ရိတ်သိမ်းပြီးစီးသည့် မိုးသီးနှံစုံ ၄၉၃၈၁ ဧကတွင် ပဲတီစိမ်း ၆၇၇၅ ဧက၊ ဖူးစားပြောင်း ၈က ၂၇၈၀၊ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံ ၃၁၉၀၇ ဧက၊ ငရုတ် ၅၆၁ ဧက၊ အခြား စားသုံးသီးပင် ၁၆၉၇ ဧက၊ ကျဲ၊ နွား တိရစ္ဆာန်အစာ ၅၆၆၁ ဧကတို့ ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ အထွက်နှုန်းအနေဖြင့် ပဲတီစိမ်းတစ်ဧကလျှင် ၁၉ ဒသမ ၄၅ တင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ၁၄၃၅၀ ဖူး၊ မြေပဲ ၅၅ ဒသမ ၀၅ တင်း၊ နှမ်း ၉ ဒသမ ၅၀ တင်း၊ နေကြာ ၁၉ ဒသမ ၄၀ တင်း၊ ငရုတ် ၇၂၅ ပိဿာ၊ အုန်း ၄၂၀၀ လုံး၊ ငှက်ပျော ၁၄၅၀ ခိုင်၊ သစ်သီးပင် ၁၄၅၀၀ လုံး၊ ဟင်းသီးဟင်းရွက် ၃၅၄၅ ပိဿာ၊ ကျဲ၊ နွားစာ ၂၃၆၀ ထုံးတို့ ထွက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (၄၄၅)



မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



ချောက် အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အပေါ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်နှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ ယနေ့ နံနက် ၉ နာရီ အချိန်က မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အမှတ်(၈)ရပ်ကွက်သို့ သွားရောက်ပြီး ရေဂါလံ(၅၀၀၀) ဆံ့ မီးသတ်ရေအုတ်ကန်သန့်ရှင်းရေးနှင့် ရေဖြည့်တင်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း လမ်းညွှန်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးသက်တင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၈)ရပ်ကွက်၊ ပုဂံစုရပ်ရိုးဂါလံ(၅၀၀၀) ဆံ့ မီးသတ်ရေအုတ်ကန်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေဖြည့်တင်းခြင်းနှင့် မီးသတ်ရေသယ်ယာဉ်ဖြင့် ရေများဖြည့်တင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန်၊ သစ်ပင်ရံမှ သဏ္ဌာန်လှပ၊ ပန်ရလိမ့် ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
မန္တလေးတက္ကသိုလ်
‘ အကြိမ်(၆၀)မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ် ကြေညာခြင်း’

၁။ မန္တလေးတက္ကသိုလ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (ဘွဲ့)သင်တန်း အသီးသီးနှင့် ဒီပလိုမာဘွဲ့သင်တန်းအသီးသီးကို အောင်မြင်ခဲ့ပြီးသူများအတွက် အကြိမ်(၆၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဘွဲ့နှင်းသဘင် (၈-၁၁-၂၀၂၆)ရက်နေ့၊ (နံနက်ပိုင်း) အစီအစဉ်၊ နံနက်(၉း၀၀)နာရီ

ဘွဲ့အမျိုးအစား		ဘွဲ့ယူရမည့် အထူးပြုဘာသာရပ်များ
ပါရဂူဘွဲ့	-	အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ၊ ရူပဗေဒ၊ သင်္ချာ အထူးပြုအားလုံး
မဟာဝိဇ္ဇာဘွဲ့ (၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာ ဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ အထူးပြုအားလုံး
မဟာသိပ္ပံဘွဲ့ (၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ၊ ဇီဝဓာတုဗေဒ အထူးပြုအားလုံး
မဟာဥပဒေပညာဘွဲ့ (၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	ဥပဒေပညာ အထူးပြုအားလုံး
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ (၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ အထူးပြုအားလုံး
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ၊ အဏုဇီဝဗေဒ အထူးပြုအားလုံး
ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ (ဂုဏ်ထူး)ဘွဲ့(၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ အထူးပြုအားလုံး
ဝိဇ္ဇာ(ဘွဲ့) (၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ မနုဿဗေဒ၊ ရှေးဟောင်း သုတေသနပညာ၊ မြန်မာမှုပညာ အထူးပြုအားလုံး
သိပ္ပံ(ဘွဲ့) (၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ် ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ၊ အဏုဇီဝဗေဒ အထူးပြုအားလုံး
ဥပဒေပညာ(ဘွဲ့) (၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	ဥပဒေပညာ အထူးပြုအားလုံး
ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ(ဘွဲ့) (၂၀၂၄-၂၀၂၅) ပညာသင်နှစ်	-	ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ အထူးပြုအားလုံး
မဟာဥပဒေပညာဘွဲ့(၂၀၂၅-၂၀၂၆) ပညာသင်နှစ်	-	ဥပဒေပညာ အထူးပြုအားလုံး
ဝိဇ္ဇာ(ဘွဲ့) (၂၀၂၅-၂၀၂၆)ပညာသင်နှစ် (၂၀၂၀ အောင်)	-	အင်္ဂလိပ်စာ၊ သမိုင်း၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ မနုဿဗေဒ အထူးပြုအားလုံး
သိပ္ပံ(ဘွဲ့) (၂၀၂၅-၂၀၂၆) ပညာသင်နှစ် (၂၀၂၀ အောင်)	-	ဓာတုဗေဒ၊ ဘူမိဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ၊ အဏုဇီဝဗေဒ အထူးပြုအားလုံး
ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ(ဘွဲ့) (၂၀၂၅-၂၀၂၆)ပညာသင်နှစ်(၂၀၂၀အောင်)	-	ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ အထူးပြုအားလုံး
ဒီပလိုမာဘွဲ့များ	-	အင်္ဂလိပ်စာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ (DELT) (၂၀၂၄-၂၀၂၅)ပညာသင်နှစ် အားလုံး
	-	အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (D.A.Psy) (၂၀၂၄-၂၀၂၅)ပညာသင်နှစ် အားလုံး
	-	နိုင်ငံရေးလေ့လာမှုပညာ မဟာ(ဘွဲ့) (MPolS)(၂/၂၀၁၈) အားလုံး
	-	စီးပွားရေးဥပဒေဒီပလိုမာဘွဲ့ (DBL)(၁၈/၂၀၁၉) အားလုံး
	-	နိုင်ငံတကာဆက်ဆံရေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (DIR) (၈/၂၀၁၉) အားလုံး
	-	နိုင်ငံရေးသိပ္ပံဘွဲ့လွန်ဒီပလိုမာဘွဲ့ (DPS) (၆/၂၀၁၉) အားလုံး
	-	ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ် ဘွဲ့လွန်ဒီပလိုမာ(PGDGIS) (၅/၂၀၁၉) အားလုံး

ဘွဲ့နှင်းသဘင် (၈-၁၁-၂၀၂၆)ရက်နေ့၊ (မွန်းလွဲပိုင်း) အစီအစဉ်၊ မွန်းလွဲ (၂း၀၀)နာရီ

ဘွဲ့အမျိုးအစား		ဘွဲ့ယူရမည့် အထူးပြုဘာသာရပ်များ
ပါရဂူဘွဲ့	-	မြန်မာစာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး
မဟာဝိဇ္ဇာဘွဲ့ (၂၀၂၅-၂၀၂၆) ပညာသင်နှစ်	-	မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ၊ နိုင်ငံတကာ ဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ ရှေးဟောင်း သုတေသနပညာ၊ မြန်မာမှုပညာ အထူးပြုအားလုံး
မဟာသိပ္ပံဘွဲ့ (၂၀၂၅-၂၀၂၆) ပညာသင်နှစ်	-	ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ၊ ဇီဝဓာတုဗေဒ အထူးပြုအားလုံး
မဟာဥပဒေပညာဘွဲ့ (၂၀၂၅-၂၀၂၆) ပညာသင်နှစ်	-	ဥပဒေပညာ အထူးပြုအားလုံး
ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ (မဟာ)ဘွဲ့ (၂၀၂၅-၂၀၂၆) ပညာသင်နှစ်	-	ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ အထူးပြုအားလုံး
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ (၂၀၂၅-၂၀၂၆) ပညာသင်နှစ်	-	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာ ဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ အထူးပြုအားလုံး
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (၂၀၂၅-၂၀၂၆) ပညာသင်နှစ်	-	ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ အထူးပြုအားလုံး
ဝိဇ္ဇာ(ဘွဲ့) (၂၀၂၅-၂၀၂၆) ပညာသင်နှစ် (၂၀၂၂ အောင်)	-	မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာ ဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ ရှေးဟောင်းသုတေသနပညာ၊ ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ခရီးသွားပညာ အထူးပြုအားလုံး
သိပ္ပံ(ဘွဲ့) (၂၀၂၅-၂၀၂၆) ပညာသင်နှစ် (၂၀၂၂ အောင်)	-	ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာ သိပ္ပံပညာ၊ အဏုဇီဝဗေဒ အထူးပြုအားလုံး
ဥပဒေပညာ(ဘွဲ့) (၂၀၂၅-၂၀၂၆) ပညာသင်နှစ် (၂၀၂၂ အောင်)	-	ဥပဒေပညာ အထူးပြုအားလုံး
ဒီပလိုမာဘွဲ့များ	-	အင်္ဂလိပ်စာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ (DELT) (၂၀၂၅-၂၀၂၆)ပညာသင်နှစ် အားလုံး
	-	အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (D.A.Psy) (၂၀၂၅-၂၀၂၆)ပညာသင်နှစ် အားလုံး
	-	အပြည်ပြည်ဆိုင်ရာ ဥပဒေပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (DIL) (၈/၂၀၁၉) အားလုံး
	-	အရှေ့တိုင်းပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (DOS) (၈/၂၀၁၉) အားလုံး
	-	အဘိဓမ္မာဘွဲ့လွန်ဒီပလိုမာဘွဲ့ (D.Abhi) (၂/၂၀၁၉) အားလုံး
	-	လုပ်ငန်းသုံးစီးပွားရေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (DBS) (၁၀/၂၀၁၉)၊ အားလုံး
	-	ရောင်းဝယ်ဖြန့်ဖြူးရေးစီမံခန့်ခွဲမှုဒီပလိုမာဘွဲ့ (DIM)(၃/၂၀၁၉)အားလုံး

အစမ်းလေ့ကျင့်ရက် (၇-၁၁-၂၀၂၆)ရက်နေ့၊ နံနက်(၉း၀၀)နာရီ

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်၊ ဧည့်လက်မှတ်များကို (၇-၁၁-၂၀၂၆) ရက်နေ့ ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲတွင် ထုတ်ပေးမည်ဖြစ်၍ ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူကြမည့်သူများအားလုံး- အစမ်းလေ့ကျင့်ပွဲကို မပျက်မကွက် (မပျက်မကွက်) တက်ရောက်ကြရမည် ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများအတွက်- ဘွဲ့ဝတ်ရုံများ ငှားရမ်းခွင့် ထောက်ခံစာနှင့် အစမ်းလေ့ကျင့်ပွဲ တက်ရောက်ခွင့်ပြုသည့် လက်မှတ်များကို (၄-၁၁-၂၀၂၆) ရက်နေ့မှစ၍ ဘွဲ့ကြေး ငွေသွင်းပြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) တင်ပြ၍ မန္တလေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ထုတ်ပေးမည် ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူမည့်သူများသည် အစမ်းလေ့ကျင့်ရက်နှင့် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပသည့်ရက်များတွင်- မြန်မာဝတ်စုံ (မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့် ကိုက်ညီသည့် မြန်မာဝတ်စုံ)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း ဝတ်စုံပြည့် (အမျိုးသား)တို့ဖြင့် တက်ရောက်ကြရမည် ဖြစ်ပါသည်။

ဌာနမှူး
သင်တန်းရေးရာဌာန
မန္တလေးတက္ကသိုလ်

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်နံပါတ်(၃၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်ခင်(ဘ)ဦးမင်းမောင်(၉/မနတ(နိုင်)၀၄၂၀၀၂)နှင့် ဦးတွံတေးတို့ အမည်များဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦး၊ (ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်စိုးစိုးမာ(ဘ)ဦးမောင်မောင်(၉/မရမ(နိုင်)၀၂၃၉၂၁)ကိုင်ဆောင်သူထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)
(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၃၁၈၅၉၁၀

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်နံပါတ်(၁၅၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဝင်း(ဘ)ဦးတင်မောင်(၉/မနတ(နိုင်)၀၃၄၀၇၆၊ MDYSW-၀၃၄၇၀၅)နှင့် ဒေါ်သန္တာဝင်း(ဘ)ဦးဝင်း(၉/ခမစ(နိုင်)၀၀၁၆၆၉)တို့ အမည်များဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက် ဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ် အဆောက်အဦး၊ (ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်သစင်မြင့်(ဘ)ဦးကျော်နိုင်စိုး(၉/ခအစ(နိုင်)၀၂၀၆၈၇)ကိုင်ဆောင်သူထံက ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဇော်ဦး (LL.B)
(တရားလွှတ်တော်ရှေ့နေ)
(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၃၁၈၅၉၁၀

အမည်ပြောင်း

အဘ ဦးဇော်ထက်အောင်၏ သား မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း Grade-5 မှ မောင်ညဏ်ဘုန်းထက်ဇော်အား မောင်ညဏ်ကောင်းဆက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ညဏ်ကောင်းဆက်

ကြော်ငြာစာ

